BURMESE WOMEN'S UNION
No.386, Thudammar Rd, North-Okkalapa Township, Yangon, Myanmar
No.265, Khun Li Street, Naung Yar (B) Ward, Loikaw, Kayah State, Myanmar
Email: Secretariat@burmesewomensunion.org/ Phone: 09 4200 423 73

# (၃) လအတွင်း အမျိုးသမီးသတင်းအချုပ် ကောက်နုတ်ချက်

## (၂၀၁၈ ခုနှစ် ဇူလိုင်လ မှ စက်တင်ဘာလအထိ)

မြန်မာ့အမျိုးသမီးသမဂ္ဂ သတင်းနှင့်မှတ်တမ်းတင်ဌာနမှ ကောက်နုတ်စုစည်းသည်

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် အမျိုးသမီးများ၏ အခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသမီးရေး လှုပ်ရှားမှုဖြစ်စဉ်များကို ရေးသားဖော်ပြသော သတင်းများကို ပြန်လည်ကောက်နုတ်စုစည်း တင်ပြလိုက်ပါသည်။

### (က)ပြစ်မှုကျူးလွန်မှုများ

ဇူလိုင်မှ စက်တင်ဘာလအတွင်းတွင် သက်ငယ်မုဒိမ်းမှု(၁၄)မှု ဖြစ်ပွားခဲ့ပြီး မသန်စွမ်းအမျိုးသမီးအားပြုကျင့်သည့်အမှု(၂)ခုဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်တခုတည်းတွင်ပင် ၂၀၁၆ ခုနှစ်က သက်ငယ်မုဒိမ်းမှု ၁၁ မှု၊ ၂၀၁၇ တွင် ၁၇ မှု၊ ၂၀၁၈ ဩဂုတ်လအထိ ၁၇ မှုထိ တက်လာခဲ့သည်။

အသက် ၁၈ နှစ်အောက် အိမ်အကူအဖြစ်ဝင်ရောက်လုပ်ကိုင်နေသော မိန်းကလေးငယ်များနှင့် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားသူမိန်းကလေးအား ညှဉ်းပန်းနှိပ်စက်ခြင်း(၃)မှုဖြစ်ပွားခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုများတွင် မီးပူဖြင့်ကပ်ခြင်း မစင်ကိုပါးစပ်တွင်းထည့်သွင်းခြင်း၊ အိမ်သာတွင် ပိတ်လှောင်ထားခြင်း၊ ဂါယာကြိုးဖြင့် ရိုက်ခြင်းအထိ နှိပ်စက်မှုများဖြစ်ခဲ့သည်။

### (ခ)အမျိုးသမီးနှင့် ၃၀ ရာခိုင်နှုန်း

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍရပ်များတွင် အမျိုးသမီးများပါဝင်မှု ၃၀ ရာခိုင်နှုန်းကို တတိယအကြိမ် ၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအကြို ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများတွင် သဘောတူညီမှုရရှိခဲ့သည်။ ထို့အပြင် NCA-S-EAO တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသမီးထု(၃၀) ရာခိုင်နှုန်းပါဝင်နိုင်ရေးကို ၎င်းတို့၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင်ဆုံးဖြတ်ခဲ့ပြီး ငြိမ်းချမ်း

ရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်မှုနှင့် ခေါင်းဆောင်မှု မြင့်မားရေးအတွက် ပထမဆုံးအလုပ်ရုံဆွေး နွေးပွဲကို စက်တင်ဘာလတွင် အမျိုးသမီးခေါင်းဆောင်များကိုဖိတ်ခေါ် ပြုလုပ်ခဲ့သည်။

**(ဂ)အောက်ခြေအဆင့် အမျိုးသမီးများ၏ စွမ်းဆောင်မှု**

လုံခြုံမှုအားနည်းနေသည့်အတွက် ပညာသင်ကြားရေးတွင် စိုးရိမ်စိန်များရှိနေခဲ့သည့် မုံရွာတက္ကသိုလ်တွင် တက္ကသိုလ်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂရွေးကောက်ပွဲတွင် မမေမီမီမိုးက ပထမဆုံးဥက္ကဖြစ်လာသည်။ YBS ယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများပိုမိုများပြားလာပြီး လက်ရှိတွင် အမျိုးသမီး ၈ ဦး စတင် မောင်းနှင်နေပြီဖြစ်သည်။

**(ဃ) နိုင်ငံတော်အဆင့် အမျိုးသမီးများ ဦးဆောင်မှုအပိုင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနေရာတွင် ဒေါက်တာမြလေးစိန် ခန့် အပ်ခြင်းခံရပြီး၊

ရန်ကုန်တိုင်းဒေသချုပ်နေရာတွင် ဒေါ်ခင်မျိုးကြည်အား ခန့်အပ်ခဲ့သည်။

**(င)ဥပဒေပိုင်းဆိုင်ရာ**

မသန်စွမ်းသူ၊ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများအတွက် တရားရေးပိုင်းဆိုင်ရာများ နှင့်ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ထောင်ဒဏ် အနှစ်(၂၀) သို့ မဟုတ် တသက်တကျွန်း ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ရေးဆွဲထားသော ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လွှတ်တော်သို့ စက်တင်ဘာ ၇ ရက်နေ့တွင် တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြ သည်။

**(စ) စစ်ပဋိပက္ခဒေသများရှိ အမျိုးသမီးများ**

ဇူလိုင်လအတွင်း ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း TNLA နှင့် အစိုးရတပ်ဖွဲ့များ ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် TNLA အမျိုးသမီးစစ်သည် ၆ ဦး သတ်ဖြတ်ခံခဲ့ရပြီး၊ ယင်းဖြစ်စဉ်အပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများမရှိခဲ့သည် ကိုတွေ့ရသည်။ တဖန် ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့တွင်နေထိုင်သူ နန်းမိုဟွမ် ဆိုသည့်အမျိုးသမီးအား တပ်မတော်ကို သတင်းပေးခဲ့သည်ဟုဆိုကာ TNLA က ဩဂုတ်လ ၁၇ ရက်တွင် ဖမ်းဆီးထိမ်းသိမ်းခဲ့ပြီး ယခုထိ ပြန်လည်လွှတ်ပေးခြင်းမရှိသေးပါ။

**(ဆ) နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်**

ကနေဒါနိုင်ငံမှာ လူ့အခွင့်အရေး ပြတိုက်မှ ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကို ဖယ်ရှားရန်၊ Scotland ရှိ ပန်းခြံတွင်းစိုက်ထူထားသော ကြေးသွန်းအမည်ပြားကို ဖြုတ်ချရန် ဆုံးဖြတ်ခဲ့သည်။

## (ဇ)တက်ကြွလှုပ်ရှားသူ အမျိုးသမီးများ

ဒေသခံများကကန့်ကွက်နေသည့် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် အတွင်းအကောင်အထည်ဖော်မည့် Alpha ဘိလပ်မြေစက်ရုံစီမံကိန်း တည်ဆောက်နေမှုအနီး အမျိုးသမီးနှစ်ဦးကို လမ်းတံတားဥပဒေဖြင့် ဇူလိုင်လ အတွင်းက ဖမ်းဆီးတရားစွဲဆိုထားပြီး၊ ဦးဂိသူရကို ကြိမ်ဖန်များစွာစော်ကားရေးသားမှု ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်ကို စော်ကားရေးသားမှုကြောင့် ၂၀၁၇ ဒီဇင်ဘာကတည်းက ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခံထားရသူ ပန်ဆယ်လို(ခ) ဒေါ်အိမ့်ပိုးဥ တို့မှာ ယခုထိ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေးကို ဂန်းရုံထောက်ခံသည့် ဒေါ်စန်းစန်းဦး(ခေါ်) ဒေါ်လေးလေး အား ဆူပူ အောင်ဖန်တီးစေမှု ပုဒ်မ ၁၅၃ ဖြင့် ထောင်ဒဏ် ၆ လနှင့် နိုင်ငံတော်အကြည်အညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)ဖြင့် ၁ နှစ် ချမှတ်ခဲ့သည်။

၂၀၁၅ လက်ပံတန်းမြို့ အကြမ်းဖက်ဖြိုခွင်းအရေးယူခံခဲ့ရသော ကျောင်းသား /သူများကို အမှုလိုက်ပေးခဲ့သည့် ရှေ့နေတဦးဖြစ်သူ ရှေ့နေ ဒေါ်ခင်ခင်ကျော်အား ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့်တရားစွဲဆိုခဲ့ပြီး စက်တင်ဘာ ၂၈ တွင် ထောင်ဒဏ်(၆)လ ချမှတ်ခဲ့သည်။

## (ဈ) အခမ္ပပြုကျင့်မှုများအတွက် ပြစ်ဒဏ်များချမှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်တွင်း ၂၀၁၆ ဒီဇင်ဘာက နှစ်ကျိပ်ရှစ်ဆူဘုရားပင့်ဆောင်မှုအတွင်း ဖြစ်ပွားခဲ့ သော ၅ နှစ်အရွယ် မိန်းကလေးငယ်အား ကျူးလွန်ခဲ့သည့် ကျူးလွန်သူအား ထောင်ဒဏ် ၁၀ နှစ်၊ ၂၀၁၇ က ဖြစ်ပွားခဲ့သော အသက်(၁၅)နှစ် ကိုခိုးယူပေါင်းသင်းမှုအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ကျူးလွန် သူအမျိုးသားအား ထောင်ဒဏ် ၂၃ နှစ်နှင့် ကျိုင်းတုံ-လွိုင်မွေ ကားလမ်းဘေး တွင်ဖြစ်ပွားခဲ့သော တက္ကသိုလ် ဝင်တန်းကျောင်းသူ မိန်းကလေးကိုသတ်ဖြတ်ကာ အလောင်းမီးရှို့ ဖျောက်ဖျက်သည့် တရားခံနှစ်ဦးအား မသေမချင်းကြိုးကွင်းစွပ်သတ်ရန် အမိန့်ချမှတ်ခဲ့သည်။

## (ည) မူးယစ်ဆေးဝါးနှင့် ဓားစာခံအမျိုးသမီးများ

ဂန့်ဂေါမြို့တွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမသည် နေပြည်တော်တိုင်း(မ်)မီဒီယာအဖွဲ့ မှခင်းနှင့် သတင်းစုံအဖွဲ့ချုပ်မှ ဂရိန်မိုးဆိုသူကို ကာမလိမ်လည်မှု ငွေကြေးလိမ်လည်မှုတို့ဖြင့် ဂန့်ဂေါမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားခဲ့ပြီး အမှုရင်ဆိုင်ပြီး တဦးတည်းပြန်လာစဉ် စိတ်ကြွဆေးပြား ၁၈ ပြားဖြင့် ဖမ်းခံရသည့် ဖြစ်စဉ်သည် လုပ်ကြံခံရခြင်းဖြစ်ကြောင်းနှင့် အမှုမှန်ပေါ်ပေါက်ရေး ဒေသတွင်း အုပ်ချုပ် ရေးမှူးများနှင့် အရပ်ဘက်အဖွဲ့အစည်းများက တောင်းဆိုထားသည်။ ဖားကန့်တွင် အသက်(၃၀)ကျော်အရွယ် ကလေးမိခင် မခိုင်ဆိုသူကို ဘိန်းဖြူ ၀ ဒသမ ၀၅ ဂရမ်(ကာလတန်ဖိုး ၃၀၀၀၀ ကျပ်) ဖြင့် ဖမ်းဆီးခဲ့သည်ကို ဒေသခံများက တရားမျှတမှုမရှိပဲဟုဆိုကာ ရဲစခန်းအား ပိတ်ဆို့တောင်းဆိုခဲ့သည်။

# အမျိုးသမီးသတင်းအချုပ် ကောက်နုတ်ချက်

## (၂၀၁၈ ခုနှစ် ဇူလိုင်လ မှ စက်တင်ဘာလအထိ)

### ဇူလိုင်လ ၂၀၁၈ ခုနှစ်

- ပုသိမ်ရှိအထည်ဆိုင်၌ တစ်လလျှင် ကျပ်သုံးသောင်းခွဲဖြင့် အလုပ်လုပ်ကိုင်နေခဲ့သော အသက် (၁၈)နှစ်ရှိ အိမ်အကူအား အသက်(၃၀)နှစ်ခန့်ရှိသည့် အထည်ဆိုင်ပိုင်ရှင် အမျိုးသားနှင့် ၎င်း၏ဇနီး၊ ဆိုင်အလုပ်သမားတို့ကညှဉ်းပန်းနှိပ်စက်ခဲ့သည့်အတွက် အဆိုပါ ၃ ဦး အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ခြောက်ခုအပြင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူထားကြောင်း ရောဂတီတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ပြောသည်။ သူမအနေဖြင့် နေအိမ်နှင့် ဆက်သွယ်ခွင့် မရခြင်း၊ အိမ်အပြင် ထွက်ခွင့်မရခြင်း၊ အချိန်မှန်အစားအစာ မကျွေးသည့်အပြင် ဂလင်စွာမ စားရခြင်း၊ အိမ်အလုပ်များကို ဒဏ်ကြေးသတ်မှတ်ဖြတ်တောက်ခဲ့သဖြင့် လစာအပြည့်အဝ မရရှိ ခြင်းခါးပတ်ဖြင့် ရိုက်ခြင်း၊ ခန္ဓာကိုယ်ကို မီးပူဖြင့်ကပ်ခြင်း၊ ခြေဖြင့် ကန်ခြင်း၊ ကြက်တောင်ရိုက်တံဖြင့် ရိုက်ခြင်း၊ ကလေးမစင်ကို ပါးစပ်အတွင်းထည့်ခြင်း စသည့်နည်းများဖြင့် နှိပ်စက်ခံခဲ့သည့်အပြင် ကာယိန္ဒြေ ပျက်ပြားစေရန်လည်း ပြုမူခဲ့သည်ဟုဆိုသည်။(7DayDaily၊ ဇူလိုင်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)
- အစိုးရသစ်လက်ထက်တွင် အမျိုးသမီးအရေးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့များကို ပါဝင်ထည့်သွင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းအလိုက် အဖွဲ့ဝင် ၂၆ ဦးပါရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေး သူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား၊ မ တန်းတူ ညီမျှရေး ကွန်ရက်၊ အမျိုးသမီးအဖွဲ့ အစည်းများကွန်ရက်အပြင် ရင်ခွင်မဲ့ကလေးငယ်များ ပျော့ချရေး နှင့် ကာကွယ်စောင့်ရှောက် ရေးအသင်းတို့ပါဝင်ပြီး လက်ရှိတွင် ပြည့်တန်ဆာဆိုင်ရာဥပဒေနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေတို့ကို ရေးဆွဲလျက်ရှိကြောင်းသိရသည်။(The Ladies News၊ ဇူလိုင်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာမြလေးစိန်ကို ခန့်အပ်ကြောင်း ယမန်နေ့ (ဇူလိုင် ၂ ရက်)တွင် သမ္မတရုံးက ထုတ်ပြန် ကြေညာသည်။ ဒေါက်တာမြလေးစိန်သည် မြန်မာ့လက်ရွေးစင် ကြက်တောင် အားကစားသမားဟောင်း တစ်ဦးဖြစ်ပြီးကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိအစိုးရလက်ထက်တွင်၁၇ ဦးမြောက် ဒုတိယဝန်ကြီးဖြစ်ပြီး ပြည်ထောင်စုအဆင့်၌ အတိုင်ပင် ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ပြီးနောက် ဒုတိယမြောက်အမျိုးသမီးဝန်ကြီးဖြစ်သည်။( 7DayDaily၊ ဇူလိုင်လ ၃ ရက်၊၂၀၁၈ ခုနှစ်)

- ❖ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၄) ရပ်ကွက်နေ ဒုတိယတန်းကျောင်းသူ အသက် ၁၀ နှစ်အရွယ်သည် လေသာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစားနေထိုင်လက်ရှိရာ ကျောင်းထိုင်ဘုန်းကြီး ဥူးဥာဏဝံသ (ခ) ဦးကျန်တီး (၄၄ နှစ်)၊ (၂၆ ဝါ)မှ ဇွန်လ ၂၀ ရက်၊ ညပိုင်းတွင် အဆိုပါ မိန်းကလေးငယ် အိပ်စက်သည့်အခန်းသို့ လာရောက်ကာ သားမယား ပြုကျင့်ခဲ့ပြီးနောက် ယင်းနေ့မှ စတင်ကာ ဇွန်လ ၂၉ ရက်အထိ နေ့စဉ် မိန်းကလေးငယ်အိပ်ခန်းသို့ လာရောက်သားမယားပြုကျင့်ခဲ့ကာ မိခင်နှင့် အခြားသူများကို ပြန်တိုင်ပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည့်ဖြစ်စဉ်အား မိခင်ဖြစ်သူမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဇူလိုင်လ ၄ ရက်၊ ညနေပိုင်းတွင် တောင်ကြီးမြို့နယ်၊ အေးသာယာနယ်မြေရဲစခန်း၌ (ပ)၀၁၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၇၇/၅၀၆ ဖြင့် အမှုဖွင့် စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိသည်။(ကမ္ဘောဇတိုင်း၊ ဇူလိုင်လ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ၂၀၁၈ အာစီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စု(ခ) တတိယနေ့ ကို ဇူလိုင် ၅ ရက်နေ့ တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်းသိရသည်။(Eleven news၊ ဇူလိုင်လ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ညောင်ကောက် ကျေးရွာအုပ်စု၊ ဖန်ကျေးရွာတွင် အသက် ၆၁ နှစ်အရွယ် အဘိုးအိုတစ်ဦးမှ သားမယားပြုကျင့်မှုကြောင့် အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ကိုယ်ဝန်ဆောင်ထားရပြီး ပြစ်မှု ကျူးလွန်သူ အားသက်ငယ်မုဒိန်းမှုဖြင့်မိခင်ဖြစ်သူမှ တိုင်တန်းသဖြင့် ပင်းတယမြို့မ ရဲစခန်းတွင် (ပ) ၇၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၇၇ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (ကမ္ဘောဇတိုင်း၊ ဇူလိုင်လ ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပိုမိုမြင့်တက်လာသည်နှင့်အမျှ တရားစွဲဆိုရာတွင်လည်း ထိရောက်သည့် တရားစွဲဆိုမှုများပြုလုပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဇူလိုင် ၅ ရက်၌ နေပြည်တော်တွင် ကျင်းပသည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်သည့် မှုခင်းများကို လွတ်လပ်စွာတရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် လိုအပ်ချက်များ အကဲဖြတ်ခြင်း

ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်မိန့်ခွန်းပြောရာတွင်ပြောကြားခဲ့သည်။(ရေဂဝတီ၊ ဇူလိုင်လ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- YBS ယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများကို ပိုမိုများပြားလာစေရန် ရည်ရွယ်ပြီး လေ့ကျင့်သင်ကြားပေးထားသော အမျိုးသမီးများအနက်မှ ၈ ဦး စတင်မောင်းနှင်နေပြီဖြစ်ကြောင်း Power Eleven ကုမ္ပဏီမှ သိရသည်။(Mizzima၊ ဩဂုတ်လ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- ဇူလိုင် ၄ ရက်မှ စ၍ ၃ ရက်တိုင်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ တတိယအကြိမ်၂၁ ရာစု ပင်လုံညီလာခံအကြို ဆွေးနွေးပွဲများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲများကို ခေါင်းစဉ် ၅ ခုဖြင့် ကျင်းပခဲ့ရာ လူမှုရေးကဏ္ဍတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်မှုအတွက် သဘောတူညီမှုရရှိခဲ့ပြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC အစည်းအဝေးသို့ ဆက်လက်တင်သွင်းသွားမည်ဖြစ်ပြီး UPDJC က သဘောတူမှသာ ဇူလိုင် ၁၁ရက်မှ ၁၆ရက်အထိ ကျင်းပမည့် တတိယအကြိမ် ၂၁ရာစုပင်လုံ ညီလာခံတွင်ကဏ္ဍအလိုက် ထပ်မံဆွေးနွေးကြမည်။ (Mizzima၊ရေဂဝတီ၊ ဇူလိုင်လ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ဖေဖော်ဂါရီလက ဖြစ်ပွားခဲ့သော ပန်းလှိုင်ဘူတာခုံးတံတားအောက်တွင် အသက်(၄)နှစ် အရွယ်ကလေးငယ်အား အဓမ္မပြုကျင့်မှုဖြင့် တရားရင်ဆိုင်နေရသူသည် အနောက်ပိုင်းခရိုင် တရားရုံးတွင်စစ်ဆေးနေပြီး တရားလိုပြသက်သေ ၁၇ ဦးတင်သွင်းထားသည့်အနက် ရှစ်ဦးခန့်စစ်ဆေးပြီးချိန်တွင် အင်းစိန်အကျဉ်းထောင်အတွင်းနာမကျန်းဖြစ်ကာသေဆုံးခဲ့သည့်အတွက် ဇွန်လ ၂၉ တွင် အမှုပိတ် သိမ်းကြောင်း အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။(7DayDaily၊ဇူလိုင် ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- အစိုးရ၊ တပ်မတော်နှင့် လွှတ်တော် အစုအဖွဲ့၊ နိုင်ငံရေးပါတီ အစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ အစည်းအဝေးကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်၌ ပြုလုပ်ကာ လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ညှိနှိုင်းခဲ့ရာတွင် နိုင်ငံရေးကဏ္ဍနှင့်ပတ်သက်ပြီး ကျား၊မ တန်းတူရေးကိစ္စ တစ်ခုတည်းသာဆွေးနွေးရန် ကော်မတီအစည်း အဝေးတွင် သဘောတူခဲ့ပြီး ထိုသို့ အမျိုးသမီး အခွင့်အရေးနှင့်ဆိုင်သည့် ကျား၊ မ တန်းတူရေးကိစ္စတစ်ခုတည်း ဆွေးနွေးနိုင်ခြင်းသည် သိမ်ငယ်စရာမဟုတ်ဟု တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောကြားသည်။(7DayDaily၊ ဇူလိုင်လ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ဇူလိုင်လ ၇ ရက် နေ့လည် ၁၁ အချိန် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ရှိ နေအိမ်တစ်အိမ်အနီးအိမ်နီးချင်းကလေးငယ်များနှင့်အတူ ဆော့ကစားနေစဉ် အသက် ၅ နှစ်အရွယ် မိန်းကလေးငယ် အား

အသက် ၁၅ နှစ်အရွယ်မှ နေအိမ်ပေါ်သို့ ခေါ်ဆောင်မုဒိမ်းမှုကျူးလွန်ခဲ့ပြီး အသက် ၁၃ နှစ်အရွယ်ကလည်း အိမ်အောက်ရှိကလေးများတက်မလာစေရန် စောင့်ကြည့်ပေးခဲ့သည့် သက်ငယ်မုဒိမ်းကျူးလွန်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုသို့ ပြုကျင့်သူ နှင့် စောင့်ကြည့်ပေးခဲ့သူတို့အား ဖြူးရဲစခန်းက(ပ)၁၄၈/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁/ ၁၁၄ အရ အမှုဖွင့်အရေးယူထားသည်။(Mizzima၊ ဇူလိုင်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးများကိုအချိုးကျစနစ်အရ ထည့်သွင်းခြင်းထက် အရည်အသွေးမြင့်မားအောင်ပြုလုပ်ထည့်သွင်းဖွဲ့စည်းရန် ဒေါ်အောင်ဆန်းစုကြည်ကလိုလားသည်ဟုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေဝင်းမြင့်က ဇူလိုင် ၂ ရက်နေ့ နေပြည်တော် MICC-2 တွင်ကျင်းပသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ပထမအကြိမ်၊ နိုင်ငံလုံးဆိုင်ရာအမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲအခမ်းအနားအပြီး သတင်းမီဒီယာများသို့ပြောကြားခဲ့သည်။(မြန်မာတိုင်းမ်နေ့စဉ်၊ဇူလိုင်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- မကွေးတိုင်းဒေသကြီးအတွင်း၌ သားအိမ်ခေါင်းကင်ဆာရောဂါ ပပျောက်စေရန်အတွက် ရောဂါကာကွယ်ရေးဆေးခန်း ဖွင့်လှစ်ပြီး အခမဲ့ စမ်းသပ်ကုသပေးနေပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီနှင့် ၂ နာရီ အချိန်တို့တွင် အခမဲ့စမ်းသပ်ကုသပေးနေပြီး တပတ်ကို ၂ ရက်ဖွင့်နိုင်ဖို့ ရည်ရွယ်ထားသည်ဟုဆိုသည်။(ဒီဗွီဘီ၊ ဂျူလိုင်လ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကျား/မရေးရာ တန်းညီမျှရေးတို့ အတွက် တက်ကြွလှုပ်ရှားဆောင်ရွက် နေသည့် အဖွဲ့ဖြစ်ပြီး အဖွဲ့အစည်းပေါင်း ၁၀၀ ကျော် ပါဝင်သော ကျား/မရေးရာ တန်းတူညီမျှရေး ကွန်ရက်(GEN) အတွင်း လိင်ပိုင်း ဆိုင်ရာ အမြတ်ထုတ်မှု ဖြစ်ပွားနေကြောင်း ဇူလိုင် ၁၆ ရက်တွင် GEN က ထုတ်ပြန်ချက်တစောင် ထုတ်ပြန်လိုက်သည်။(ဧရာဝတီ၊ဇူလိုင်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးအခွင့်အရေးနှင့် ကျားမတန်းတူညီမျှ ရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခု၏ အဓိကတာဝန်ရှိသူ အမျိုးသားအကြီးအကဲတစ်ဦးသည် လက်အောက်ခံ အမျိုးသမီးဝန်ထမ်းတချို့အပြင်၊ အဖွဲ့အစည်း နှင့် ဆက်နွယ်သည့် အခြားအမျိုးသမီးအချို့ အပေါ် မလျော်ညြဖ အသုံးပြုကာ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများနှင့် ကျူးလွန်ကြောင်းတိုင်ကြားခံထားရသည့်အတွက် ကျားမတန်းတူညီမျှရေး အဖွဲ့များစုပေါင်းထားသည့် ကွန်ရက်က တိုင်ကြားထားသူများနှင့် ယနေ့ညနေတွင် တွေ့ဆုံမေးမြန်းမည်ဖြစ်သည်။ တိုင်ကြားသူနှင့် တိုင်ကြားခံရသူနှစ်ဖက်စလုံးနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံဖြေရှင်းရန် အဆင်မပြေသည့် အနေအထားဖြစ်သောကြောင့် တိုင်ကြားထားသူအမျိုးသမီးများနှင့် အရင်ဆုံးတွေ့ဆုံမည်ဖြစ်ပြီး၊ တိုင်ကြားခံရသူ အမျိုးသားကိုပါ တွေ့ဆုံမေးမြန်းပြီး နောက်မှသာ မည်သို့ဆက်လက်လုပ်ဆောင်သွားမည်ကို တိကျစွာ ပြောနိုင်မည်ဟု မေးမြန်းရာတွင် ပါဝင်မည့် အဆိုပါကွန်ရက်၏ တာဝန်ရှိသူ ဒေါ်ခင်လှ က ပြောသည်။(Myanmar Now၊ဇူလိုင်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ မတ္တရာမြို့ နယ်တွင်အသက် ၇ နှစ်အရွယ် ကလေးငယ်ကိုပထွေးဖြစ်သူမှ သားမယားပြုကျင့်ခဲ့သည်ဆိုသည့်အမှုကိုမိခင်ဖြစ်သူက တိုင်ကြားခဲ့သဖြင့် သက်ဆိုင်ရာက မတ္တရာမြို့ မရဲတပ်ဖွဲ့ စခန်းက [ပ] ၃၉၇/၁၈ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဇူလိုင် ၁၂ ရက်နေ့တွင်အမှုဖွင့်အရေးယူထားသည်။(မြန်မာတိုင်းမ်၊ ဇူလိုင်လ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် ၂၁ ပင်လုံ တတိယအကြိမ် ငြိမ်းချမ်းရေး ညီလာခံ တက်ရောက်သူများတွင် ကလေးငယ်တဖက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပံ့ပိုးကူညီနေသည့် တိုင်းရင်းသားဒေသမှ အသက် ၃၀ ဝန်းကျင်အမျိုးသမီးငယ် မနန်းပေါင်းဂ်ဟွမ်လည်းပါဝင်ခဲ့ပြီး ယခင်ကကလေးနှင့် ကလေးမိခင်များအတွက် အဆင်ပြေအောင်ထည့်သွင်း စဉ်းစားထားသည့် အခင်းအကျင်းမျိုးမရှိခဲ့သော်လည်း ယခု တတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံတွင် ကလေးမိခင်များအတွက်သီးသန့် အခန်းစီစဉ်ပေးထားသည့်အတွက် ပိုမိုအဆင်ပြေလာသည်ဟု သူမကဆိုသည်။ သူမသည် ဒုတိယအကြိမ် ပင်လုံညီလာခံသို့ ၆ လသားငယ်နှင့် ပါဝင်ခဲ့ပြီး ယခု တတိယအကြိမ်တွင် သူမ၏သားငယ်သည်လည်း ၁ နှစ်ခွဲကျော်ရှိပြီဖြစ်သည်။(ဘီဘီစီ၊ ဇူလိုင်လ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ တပ်မတော်က သုံ့ပန်းအဖြစ် ဖမ်းဆီးခံရသည့်တအာင်းပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) စစ်သမီးခြောက်ဦးကိုသတ်ဖြတ်ခဲ့ကြောင်း TNLA ၏တရားဝင် သတင်းနှင့်ပြန်ကြားရေးဌာနက စွပ်စွဲ ထုတ်ပြန်လိုက်သည်။ တပ်မတော်က တိုက်ပွဲတွင်ဖမ်းဆီးသွားသည့် TNLA ၏ ဆေးမှူး ရဲမေ ၆ ဦး၏ အလောင်းများကို နမ့်ခမ်းမြို့ နယ်မိုင်းဂီးကျေးရွာအုပ်စု၊ အွယ်လောရွာအနီး ရွှေဂတ် (စ်) ပိုက်လိုင်းအနီးတွင် စွန့်ပစ်ထားသည်ကိုဒေသခံများက ဇူလိုင်လ ၁၄ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ (The Voice၊ 7DayDaily၊ ဇူလိုင်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ အလုပ်ရုံများရှိ အမျိုးသမီး အလုပ်သမားများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ စက်ရုံများက လုပ်ဆောင်ပေးမှု အားနည်းနေသေးကြောင်း အမျိုးသမီးအရေး ဆောင်ရွက်နေသည့် Association for labour and Development အဖွဲ့မှ ဒါရိုက်တာ ဒေါ်မာမာဦးက ဇူလိုင်လ ၁၇ ရက်က ရန်ကုန်မြို့ Orchit Hotel တွင်ပြုလုပ်သည့် "ကျား၊မ ရေးရာနှင့် လုပ်ငန်းခွင် အသိပညာပေး အစီ အစဉ်" သတင်းစာရှင်းလင်းပွဲတွင် ဧရာဝတီ၏ မေးမြန်းချက်ကို ပြန်လည် ဖြေကြားခဲ့သည်။(ဧရာဝတီ၊ ဇူလိုင်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း TNLA တပ်ဖွဲ့နှင့် အစိုးရတပ်ဖွဲ့များ ဇူလိုင် ၁၁ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဖမ်းဆီးမိခဲ့သည့် TNLA အမျိုးသမီးစစ်သည် ၆ ဦးကို မိမိတို့ တပ်ဖွဲ့များက သတ်ဖြတ်ခဲ့သည်ဆိုသည့် သတင်းမှာ မဟုတ်မမှန်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက ဇူလိုင် ၁၉ ရက်နေ့က သတင်းထုတ်ပြန်လိုက်ပါသည်။(RFA၊ ဇူလိုင်လ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်တွင် လိုဏ်ဂူအတွင်း စိတ်ဝေဒနာရှင် အမျိုးသမီးအား ဆွဲကြိုးလုပ်ပေးမည်ဟု မြူဆွယ်ကာ ၇ ကြိမ် ကာမရယူခဲ့သူအား အဆိုပါအမျိုးသမီးနှင့် ဇူလိုင်လ ၂၀ ရက်က လက်ထပ်ပေးခဲ့ကြောင်း သိရသည်။ ကျူးလွန်သူသည် သင်္ကန်းဝတ်နှင့်လည်း ပြုကျင့်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက်နေ့က အဆိုပါ ဘုရားစေတီလိုဏ်ဂူအတွင်း အဓမ္မပြုကျင့်နေစဉ် ရပ်ကွက် အုပ်ချုပ် ရေးမှူးအဖွဲ့မှ ဖမ်းဆီးရမိကာ မင်းကင်းရဲစခန်းသို့ အပ်နှံခဲ့သော်လည်း အမှုဖွင့်တိုင်ကြားမည့်သူမရှိသဖြင့် ကျူးလွန်သူအား လွှတ်ပေးခဲ့ပြီး စိတ်ဝေဒနာရှင် အမျိုးသမီးနှင့် ပေါင်းသင်းနေထိုင်ရန် လူဝတ်လဲကာ လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။(Mizzima၊ ဇူလိုင်လ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ထန်းတပင်မြို့နယ်ရှိ ငါးမွေးမြူရေးကန်တွင် အလုပ်လုပ်ကိုင်သည့် အသက်(၃၆)နှစ်အရွယ် ပထွေးဖြစ်သူမှ လွန်ခဲ့သည့် ခြောက်လကျော်ကစ၍ မယားပါသမီးပဥ္စမတန်းကျောင်းသူကို အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့ပြီး သူမတွင် ကိုယ် ဝန်ခြောက်လခန့်ရှိလာရာမှ မိခင်က သိရှိပြီး မေးမြန်းရာ ပထွေးက အဓမ္မပြုကျင့်ခြင်းဖြစ်ကြောင်း သိရှိသဖြင့် ဇူလိုင် ၁၂ ရက်က နယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့သည်။(7DayDaily၊ ဇူလိုင်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ဇူလိုင်လ ၂၁ ရက်နေ့က နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် အမျိုးသမီးဆရာဝန်တဦးမှ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ တက္ကစီ ငှားရမ်းခဲ့စဉ် အငှားယာဉ်မောင်း တဦးနှင့် တခြားအမျိုးသမီးတဦးတို့က ရိုက်နက်ကာ ပစ္စည်းများလုယက်မှု ဖြစ်ပွားခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ (ဒီဗွီဘီ၊ ဇူလိုင်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ဒေသခံများကကန့်ကွက်နေသည့် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် အတွင်းအကောင်အထည်ဖော်မည့် Alpha ဘိလပ်မြေစက်ရုံစီမံကိန်း တည်ဆောက်နေမှုအနီး ဒဟတ်တောကျေးရွာအုပ်စု သရက်ကိုင်းကျေးရွာနေ အမျိုးသမီးတစ်ဦးကို စက်ရုံ၏ ကုန်ထုတ်လမ်းအပေါ် ကျူးကျော်ခြံစည်း ရိုးခတ် သည်ဟု ဆိုကာ ရဲတပ်ဖွဲ့က ဇူလိုင် ၂၂ ရက် နေ့က လမ်းတံတားဥပဒေဖြင့် ဖမ်းဆီးခဲ့ပြီးနောက် ဒေသခံတောင်သူ ၃၀ ကျော်က အဆိုပါဖမ်းဆီးခံရသည့် အမျိုးသမီးကို ပြန်လွှတ်ပေးရန် မြို့နယ် ရဲစခန်းရှေ့သို့ သွားရောက်တောင်းဆိုခဲ့သည်။(7DayDaily၊ ဇူလိုင်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- မြောင်းမြမြို့ နယ်မြေ(၇)မှ ဆယ်ကျော်သက် မိန်းကလေးသုံးဦးသည် ဇူလိုင် ၂၀ ရက်တွင် နေအိမ်မှ ထွက်ခွာသွားပြီး ပြန်မလာတော့ဘဲ ပျောက်ဆုံးနေရာမှ ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်း အမရပူရမြို့တွင် ပြန်တွေ့၍နယ်မြေခံ ရဲတပ်ဖွဲ့က ခေါ်ယူစောင့်ရှောက်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဦးစီး ပထမတန်း ဒုတိယရဲမှူးကြီးခင်မောင်လတ်က 7Day Daily သတင်းစာအား ပြောသည်။ (7DayDaily၊ ဇူလိုင်လ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- နိုင်ငံတော်၏အတိုင်ပင် ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလမ်းဆေးကိုမာဆစ်ကို ယမန်နေ့က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင်

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန် ကြီးဌာနက သတင်းထုတ်ပြန်သည်။(7DayDaily၊ ဇူလိုင်လ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

❖ အောင်လံမြို့နယ် ဂုံတောစံပြကျေးရွာတွင် ဇူလိုင် ၂၂ ရက်ညက အသက်(၁၂)နှစ် အရွယ်ရှိ သတ္တမတန်းကျောင်းသူသည် ဈေးလာဝယ်သည့် အသက်(၅၈)နှစ်အရွယ် အမျိုးသားတစ်ဦး ၏ ကာယိန္ဒြေပျက်ပြားအောင် မဖွယ်မရာပြုလုပ်ခြင်းခံရသည်ဟုဆိုကာ ၎င်း၏မိခင်က အောင်လံမြို့မရဲစခန်း၌ ဇူလိုင် ၂၃ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ယင်းအမျိုးသားကို ရာဇသတ် ကြီးပုဒ်မ ၃၅၄ ဖြင့်အမှုဖွင့်စစ်ဆေးနေသည်။(7DayDaily၊ ဇူလိုင်လ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

❖ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ်တဦးသည် ဇူလိုင်လ ၂၃ ရက် ည ၈ နာရီက နေအိမ်မှ တစ်ဦးတည်း အပြင်ထွက်လာစဉ် ဖုန်းဝယ်ပေးမည်ဟု မက်လုံးပေး လီဆယ်ပြောဆိုပြီး အငှားယာဥ်ဖြင့် နေအိမ်သို့ ခေါ်ဆောင်၍ သားမယားအဖြစ် ပြုကျင့်ခဲ့သည့် လူငယ်လေးဦးကို ဇူလိုင်လ ၂၅ ရက် ညနေပိုင်းက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထား ကြောင်း ရဲတပ်ဖွဲ့ထံမှသိရသည်။(The Voice၊ ဇူလိုင်လ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

❖ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှစ်ကြိမ်မြောက် ငြိမ်းချမ်းရေး စကားဝိုင်းကို ကရင်ပြည်နယ် ဘားအံမြို့တွင် လာမည့်ရက်ပိုင်း အတွင်းကျင်းပရန် စီစဉ်နေကြောင်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ဒီချုပ်ပါတီက အတည်ပြုသည်။(7DayDaily၊ ဇူလိုင်လ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

❖ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၂၆ ရက် နံနက်က ကရင်ပြည်နယ်ဘားအံမြို့သို့ လာရောက်ခဲ့ပြီး မူလစီစဉ်ထားသည့် လူငယ်များနှင့် ပြုလုပ်မည့် ငြိမ်းချမ်းရေးစကားဝိုင်းကို ယာယီရွှေ့ဆိုင်းကာ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။(7DayDaily၊ ဇူလိုင်လ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်)

❖ လူမှုကွန်ယက်စာမျက်နှာပေါ်တွင် ပန်ဆယ်လိုဟု လူသိများသော ဒေါ်အိမ့်ပိုးဥကို မင်္ဂလာဒုံ၊ ထောက်ကြန့်လမ်းဆုံ၊ လမင်းသာ (၂) စားသောက်ဆိုင်တွင် ဆရာတော် ဦးဣန္ဒက ရိုက်နက်ခံရမှုနှင့် ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံး ညှိုးနွမ်းအောင် ၎င်း၏ လူမှုကွန်ရက် စာမျက်နှာမှရေးသားခဲ့မှု၊ ဆရာတော် ဦးဝီရသူကို ကြိမ်ဖန်များစွာ စော်ကားရေးသားခဲ့မှု၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို နိုင်ငံတကာက အကြည်ညိုပျက်အောင် စော်ကားရေးသားမှုများအတွက် ၂၀၁၇ ဒီဇင်ဘာ ၁၂ရက်နေ့က လှိုင်သာယာမြို့နယ်နေသူ အငြိမ်းစား တပ်မတော်သား ဦးမောင်မောင်တာမှ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)နှင့် တာမွေရဲစခန်းတွင် တရားလိုပြုလုပ်ကာ အမှုဖွင့်တိုင်ကြားခဲ့ သည့်အမှုနှင့် ပတ်သက်ပြီး ပန်ဆယ်လိုဘက်က ပြန်လည်တောင်းပန်မည်ဆိုလျှင် အမှုရုပ်သိမ်းပေးမည်ဖြစ်ပြီး မတောင်းပန်ပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု တရားလိုဖြစ်သူက မဇ္ဈိမသို့ ပြောသည်။(Mizzima၊ ဇူလိုင်လ ၃၁ ရက်၊ ၂၀၁၈ ခုနှစ်)

## ဩဂုတ်လ ၂၀၁၈ ခုနှစ်

- တောင်ဥက္ကလာပမြို့ နယ်တွင် ဆရာဂုန်အမျိုးသမီးတစ်ဦးကို လုယက်မှုကျူးလွန်သူယာဥ်မောင်းနှင့် အပေါင်းပါတို့အားရဲတပ်ဖွဲ့ကကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၃၁ ရက်နေ့၌ဖမ်းဆီးရမိခဲ့ပြီး တောင်ဥက္ကလာပမြို့ မရဲစခန်းက (ပ) ၈၁၈/၁၈ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၄/၁၁၄ တို့အရ အမှုဖွင့်လှစ်ခဲ့သည်။(မြန်မာတိုင်းမ်၊ ဩဂုတ်လ ၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ကနေဒါနိုင်ငံ၊ Winnipeg လူ့အခွင့်အရေးပြတိုက်တွင် လူ့အခွင့်အရေး ကာကွယ်သူများနှင့် မှတ်တိုင်များ ဟု နှစ်ကာလအလိုက် ဖော်ပြထားသော ပြကွက်မှ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံကို ဖယ်ရှားမည်ဖြစ်သည်ဟု ပြတိုက်တာဝန်ရှိသူတဦးဖြစ်သည့် Angela Cassie ပြောကြားသည်ကို ကိုးကားပြီး သတင်းများတွင်ရေးထားပါသည်။(VOA၊ ဩဂုတ်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ဩဂုတ်လ ၂ ရက် သံလျင်မြို့နယ် တောင်ပိုင်းခရိုင် တရားရုံး၌ အိမ်အကူ မကရင်မ သေဆုံးမှုနှင့်ပတ်သက်ပြီး သံသယရှိသူ ဒေါ်သီဂီစု ကို ရုံးထုတ်ရာတွင် တရားလိုပြ သက်သေက မကရင်မ ခန္ဓာကိုယ်တွင် ရှိနေသည့် ဒဏ်ရာများသည် နှိပ်စက်ခံရမှုများကြောင့် ရရှိခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။(ဧရာဝတီ၊ဩဂုတ်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- မန္တလေးတိုင်း စဥ့်ကူး မြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ သတ္တမတန်းကျောင်းသူကို လက်ပြန်ကြိုးတုပ်၍ အိမ်သာဟောင်းထဲတွင် သုံးရက်ခန့် ပိတ်လှောင်မှုဖြင့် စွပ်စွဲခံထားရသော ကျောင်းထိုင်ဆရာတော် အပါအဝင် သံဃာနှစ်ပါးကို ပုဒ်မနှစ်ခုစီဖြင့် တရားစွဲဆိုထားကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ အကြီးတန်းရဲအရာရှိက ပြောသည်။(7DayDaily၊ ဩဂုတ်လ ၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ပခုက္ကူမြို့တွင်ကျင်းပမည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ရန် ရုပ်ရည်ချောမောသူများကို တက္ကသိုလ်အာဏာပိုင်များမှ ရွေးချယ်ခဲ့ကြောင်း ထိုသို့ရွေးချယ်ရာတွင် ကျောင်းသားသမဂ္ဂအား အသိပေးခြင်းမရှိခဲ့သောကြောင့် သမဂ္ဂအနေဖြင့် ဂမ်းနည်းကြောင်း ကွန်ပျူတာ တက္ကသိုလ် (ပခုက္ကူ) ကျောင်းသားသမဂ္ဂက ဩဂုတ်လ ၂ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည်။ (Mizzima၊ ဩဂုတ်လ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်း သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ သီတဂူသံဝေဇနိယ ဓမ္မဗိမာန်တော်ကြီးတွင် ဩဂုတ် ၁ ရက်နေ့ မနက် သီတဂူ ဆရာတော်ဘုရားကြီးဂါဝရပြုပွဲတွင် ဒေါ်ကေတုဝတီက တိုင်းရင်းသား ဒေသများတွင် စစ်ပွဲများဖြစ်ခြင်းကြောင့် စစ်ရှောင်သည့်အနေဖြင့် သီလရှင်ဝတ်ပြီး ကျောင်းထားပေးကြသည့်အတွက် အရင်နှစ်ထက် ယခုနှစ်တွင် သီလရှင်အပါး ၆၀၀ ကျော် တိုးလာခဲ့သည်ဟု မိန့်ခဲ့ပါသည်။(ဒီဗွီဘီ၊ ဩဂုတ်လ ၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းနေ၍ တာဝန်ရှိသူများက ရေဘေး သတိပေးစဉ် ကျေးရွာအတွင်း ရေကြီးလာနိုင်ကြောင်း အခြားသူများအား လိုက်လံသတိပေးသည့် အသက် (၄၆)နှစ်အရွယ် ဒေသခံအမျိုးသမီးတစ်ဦးသည် နေအိမ်မှ ဇူလိုင်လ ၂၅ ရက် နေ့က ထွက်ခွာသွားပြီးနောက် ရေနစ်မြုပ်သေဆုံးခဲ့သည်။ သေဆုံးသူအမျိုးသမီးသည် ကျေးရွာအတွင်း လူမှုရေးကိစ္စများတွင် တက်တက်ကြွကြွပါဝင်ကာ အများအကျိုးဆောင်သူအဖြစ် သိရှိထားပြီး ရွာဆော်ဟု လည်းလူသိများကြောင်း အမ်းမြို့ခံအချို့က ပြောသည်။(7DayDaily၊ဩဂုတ်လ ၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ဇူလိုင် ၃၀ ရက် လယ်ဝေးမြို့ နယ်တွင်တဲအတွင်း အရက်မူးနေသူမှ အိပ်နေသည့် မိန်းကလေးငယ်ကိုပွေ့ချီကာသားမယားပြုကျင့်ကာသတ်ဖြတ်ခဲ့သည့် အမှုကျူးလွန်သူကို သက်ဆိုင်ရာက ဖမ်းဆီးရမိခဲ့ပြီး ကျူးလွန်ခဲ့ကြောင်းဝန်ခံခဲ့သည့်အတွက် ၃၇၆/၃၀၂ ဖြင့်စစ်ဆေးကာ ဆက် လက်အရေးယူထားသည်။(မြန်မာတိုင်းမ်၊ ဩဂုတ် ၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ YBS ယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများကို ပိုမိုများပြားလာစေရန် ရည်ရွယ်ပြီး ၃၀ ဦးကို ယာဉ်မောင်းသင်တန်းပေးရာတွင် လေ့ကျင့်သင်ကြားပေးထားသော အမျိုးသမီးများအနက်မှ ၈ ဦး စတင်မောင်းနှင်နေပြီး ။ကျန်အမျိုးသမီးယာဉ်မောင်းသင်တန်း တက်နေသူများမှာ နေ့စဉ် ယာဉ်မောင်းနှင်ခြင်းကို လေ့ကျင့်ကာ အချိန်အားလျော်စွာ ပြေးဆွဲနေသည့်ယာဉ်ပေါ်သို့ လိုက်ပါလေ့လာကြောင်း Power Eleven ကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်တင်ဝင်းက ပြောကြားသည်။(Mizzima၊ ဩဂုတ်လ ၆ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ နေပြည်တော်ရှိ နိုင်ငံခြား ရေးဝန်ကြီးဌာန၌ ဂျပန်နိုင်ငံခြား ရေးဝန်ကြီးနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံ တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လုပ်ပိုင်ခွင့်ကျယ်ပြန့်စွာ ပေးထားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။(7DayDaily၊ ဩဂုတ်လ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ကချင်ပြည်နယ်တွင် မူးယစ်ဆေးစွဲ အမျိုးသမီးများစွာရှိနေပြီး မူးယစ်ဆေးဖြတ်သည့် စခန်းများသည် အမျိုးသားများအတွက် အဓိက ဦးတည်ပေးထားပြီး အမျိုးသမီးများအတွက် မြစ်ကြီးနားမြို့ရှိ ခုတင် ၁၀၀ ဆန့် ဆေးရုံတခုသာ ရှိသည့်အတွက် မူးယစ်ဆေးစွဲသည့် အမျိုးသမီးများ ဆေးဖြတ်ရန် အခက်အခဲရှိနေသည်ဟု လူထု မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အဖွဲ့(မြစ်ကြီးနား) အတွင်းရေးမှူး ဦးတန်ဂွမ်းက ဧရာဝတီ သို့ ပြောကြားသည်။(ဧရာဝတီ၊ ဩဂုတ်လ ၇ ဂက်၊ ၂၀၁၈ ခုနှစ်)

- ❖ သမ္မတဦးဝင်းမြင့်၊ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ရှိသူများ အလုပ်တာဝန်မအားလပ်သဖြင့် ရန်ကုန်မြို့ တွင် ပြုလုပ်မည့် ရှစ်လေးလုံးအ ရေးတော်ပုံနှစ် (၃၀) ပြည့် အခမ်း အနားသို့ တက်ရောက်နိုင်မည် မဟုတ်ကြောင်း အခမ်းအနားဖြစ် မြောက်ရေး ကော်မတီတာဝန်ရှိ သူများက ပြောသည်။(7DayDaily၊ ဩဂုတ်လ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ မြန်မာ့တပ်မတော်မှ တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် TNLA ဆေးမှူး အမျိုးသမီး ၆ ဦးကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သေဆုံးသွားသည့် ဆေးမှူး အမျိုးသမီး ၆ ဦး ၏ အလောင်းများအား တူးဖော်စဉ် တွေ့ရှိချက်အရ ဇူလိုင် ၁၁ ရက်နေ့တွင် စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံရပြီးနောက် လိင်ပိုင်းဆိုင်ရာထိပါး စော်ကားခံရခြင်းနှင့် မတရားပြုကျင့်ခံရခြင်းများကို တစ်ညလုံးရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကို သုံးသပ်တွေ့ရှိခဲ့ကြောင်း PSLF/TNLA က ပြောသည်။(သတင်းနှင့် မီဒီယာ ကွန်ရက်၊ ဩဂုတ်လ ၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA) အဖွဲ့ဝင် အမျိုးသမီးဆေးမှူးများ သေဆုံးမှုနှင့်ပတ်သက်ပြီး စုံစမ်း တွေ့ရှိချက်နှင့် သုံးသပ်ချက်ကို TNLA က ဩဂုတ် ၆ ရက်တွင် ထုတ်ပြန်ခဲ့ရာ ယင်းဖြစ်စဉ်အပေါ် တပ်မတော်အနေဖြင့် စုံစမ်းစစ် ဆေးသင့်ကြောင်း တိုင်းရင်းသားအရေးလေ့လာသူ ဦးမောင်မောင်စိုးက အကြံပြုသည်။(7DayDaily၊ ဩဂုတ်လ ၇ ဂုက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရန်ကုန်မြို့လယ် ၃၆ လမ်းရှိ လေးလွှာတိုက်ခန်းတစ်ခန်းတွင် အိမ်အကူအဖြစ် လာရောက်လုပ်ကိုင်နေသည့် အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးကို ဝါယာကြိုးဖြင့် ရိုက်နှက်ခဲ့သော အိမ်ရှင်အမျိုးသားကို ဩဂုတ်လ ၉ ရက် ညနေပိုင်းက အပြင်းအထန် နာကျင်စေမှု ပုဒ်မ ၃၂၅၊ မတရားတားဆီးကာကွယ်မှု ပုဒ်မ ၃၄၁ စသည့် ပုဒ်မနှစ်ခုဖြင့် အမှုဖွင့် အရေးယူထားကြောင်း ကျောက်တံတားမြို့မ ရဲစခန်းထံမှ သိရသည်။( The Voice၊ ဩဂုတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ကျန်းမာရေးဝန်ကြီးဌာနက နှစ်စဉ်သူနာပြု ၁၈၀၀ ခေါ်ယူလျက်ရှိရာမှ ၃၆၀၀ အထိတိုးမြင့်ခေါ်ယူပြီးခက်ခဲသော ဒေသများသို့သူနာပြုများတိုးမြှင့်ချထားပေးမည်ဖြစ်ကြောင်း ပခုက္ကူမြို့တွင် ကျင်းပသော ငြိမ်းချမ်းရေးစကားဝိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဒေါက်တာမြင့်ထွေးကပြောကြား သည်။ (Khit Thit News Agencey၊ဩဂုတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ၂၀၁၆ ခုနှစ် ဇွန်လက ဖြစ်ပွားခဲ့သော သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်တွင် အကြွေးပြန်မဆပ်သည့် အိမ်ရှင်အမျိုးသမီးကို ဓားမဖြင့် ခုတ်သတ်၍ သေဆုံးသူ ဝတ်ဆင်ထားသည့် ရွှေများယူဆောင်ခဲ့ကြောင်း ကျူးလွန်ပေါ်ပေါက်မှုဖြင့် ဩဂုတ် လ ၉ ရက်နေ့က ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ မွေးစားသမီးကို လူသတ်လုယက်မှု ပုဒ်မများဖြင့် ထောင်ဒဏ် နှစ် ၃၀ စီ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း အရှေ့ပိုင်းခရိုင် တရားရုံးထံမှသိရသည်။(The Voice၊ ဩဂုတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ဩဂုတ် ၈ ရက်က ကျင်းပသည့် ပြည်သူ့ လွှတ်တော်အစည်းအဝေး၌ လေးမျက်နှာမြို့ နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း မေးမြန်းသည့် မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးမှူး ရာထူးနေရာများတွင် အုပ်ချုပ်ရေးမှူးရာထူးကို အမျိုးသမီးများအား ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းမေးမြန်းရာ အမျိုးသမီးဝန်ထမ်းများ ခန့်အပ်ရန်စီစဉ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြောကြားသည်။ ယခုအခါ

မြန်မာနိုင်ငံတွင် အမျိုးသမီးဂန်ကြီးချုပ်၊ အမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသမီးဂန်ကြီးတို့ ရှိနေပြီဖြစ်သော်လည်း အမျိုးသမီးအုပ်ချုပ်ရေးမှူး တစ်ဦးမျှမရှိသေးကြောင်း ဦးဇော်မင်းသိန်းကဆိုသည်။ (7DayDaily၊ ဩဂုတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

❖ အဆိုတော်အစ္စဏီနှင့် မော်ဒယ်စူးရှထက်အမှုကို ပုံမှန်စစ်ဆေးနေသည့် တာမွေမြို့ နယ်တရားရုံးသို့ ပြောင်းရွှေ့ စစ်ဆေးပေးရန် တရာလိုမော်ဒယ်စူးရှထက်ဘက်မှ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ရုံးပြောင်း စစ်ဆေးပေးရန် လျှောက်ထားချက်အား ဩဂုတ် ၉ ရက်တွင် အရှေ့ ပိုင်းခရိုင် တရားရုံးက ပယ်ချသည်ဟု အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။(Eleven-news၊ ဩဂုတ် ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)

❖ ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအ ဆင့်ကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအနေဖြင့် အသက် (၁၆) နှစ်အောက် အာရှအမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အောင်မြင်ရန် ယုံကြည်မှုရှိ ကြောင်း နည်းပြချုပ် ဒေါ်စန်းစန်း သိန်းက ပြောသည်။(7DayDaily၊ စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)

❖ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။(Myanmar State Counsellor Office၊ ဩဂုတ်လ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)

❖ သျှမ်းပြည်နယ် မြောက်ပိုင်း လားရှိုး မူဆယ် လမ်းပေါ်ရှိ နမ့်ခိုက် တံတားတွင် ဩဂုတ် ၈ ရက် မနက် ၉ နာရီ တွင် ပြည်သူ့စစ်မှ ကားသမားကို ပိုက်ဆံ ၃၀၀၀ ကျပ် တောင်းဆိုခဲ့ရာ ကားသမား လင်မယားမှ လမ်းတွင် ကားပျက်လာသည့်အတွက် ပိုက်ဆံ ၂ထောင်ပဲ ကျန်တော့ကြောင်း ပြန်ပြောရာမှ ပြည်သူ့စစ်တဦးက အမျိုးသမီးတဦးကို ကိုယ်ထိ လက်ရောက် ပြုမူသည့် ဖြစ်စဥ်သည် လူမှု ကွန်ရက် စာမျက်နှာပေါ်တွင် ပြန့်နှံ့ခဲ့သည်။(SHAN၊ ဩဂုတ်လ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)

❖ ၈၈ မျိုးဆက် မမီးမီး အပါအဂင် ၈၈ ငြိမ်းပွင့် အဖွဲ့သား ၄ ဦး လိုက်ပါလာသည့်ကားသည် ကျောင်းကုန်းမြို့နယ်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ဆေးရုံတင်ကုသစဉ် ညနေ ၅နာရီ ၂၀ မိနစ်တွင် ကွယ်လွန်သွားခဲ့သည်။(Mizzima၊ ဩဂုတ်လ ၁၄ ရက်၊ ၂၀၁၈ ခုနှစ်)

❖ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့တွင်နေထိုင်သည့် အသက်မပြည့်သေးသူ ခယ်မကို ခဲအိုက အကြိမ်ကြိမ် မုဒိန်းကျင့်ခဲ့ရာမှ ကိုယ်ဂန် (၈)လ ရလာသည့် အတွက် အစ်မဖြစ်သူကိုယ်တိုင် ကတရားလိုပြုလုပ်ပြီး တောင်ကြီးနယ်မြေ အမှတ်(၂) စခန်းမှာ အမှုဖွင့်ထားပြီး တရားခံကို ဖမ်းဆီး၍ချုပ်မိန့် ရမန်ကိုလည်း တောင်းခံထားပြီးဖြစ်ကြောင်း၊ လက်ရှိတွင် တောင်ကြီးမြို့ နယ်တရားရုံးသို့ တရားစွဲတင်နိုင်ရေးအတွက်ဆောင်ရွက်နေကြောင်း စခန်းမှူးကပြောကြားသည်။ (eleven news၊ ဩဂုတ်လ ၁၅ ရက်၊၂၀၁၈ ခုနှစ်)

- ဆန်ဈေးကြီးမှုနှင့်ပတ်သက်၍နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ညစ်ညမ်းစွာဆဲဆိုသူအား ကျောက်တန်းမြို့နယ်၊ တံနားနယ်မြေရဲစခန်းမှ လူပုဂ္ဂိုလ်ဆိုင်ရာလွပ်လပ်မှု/လုံခြုံမှုကာကွယ်ရေးဥပဒေပုဒ်မ ၁၀ ဖြင့် ကျောက်တန်းမြို့နယ်၊ တံတားနယ်မြေရဲစခန်းတွင် ဩဂုတ် ၁၄ ရက်က အမှုဖွင့်အရေးယူထားကြောင်းသိရသည်။(eleven news၊ ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)

- မိုဘိုင်းဖုန်းအသုံးပြုရာတွင် မြန်မာအမျိုးသမီးများသည် စိတ်ပျော်ရွှင်ခြင်းနှင့် အကောင်းမြင်ခြင်းကိုခံစားရပြီး အမျိုးသမီးသီးသန့်အင်တာနက်ကို အသုံးပြုလိုကြောင်း တယ်လီနော‌မြန်မာ၏ စစ်တမ်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။(မြန်မာတိုင်းမ်၊ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)

- မသန်စွမ်းသူနှင့် ၁၂ နှစ်အောက် ကလေးများအပေါ် မုဒိမ်းမှုကျူးလွန်သူအား ထောင်ဒဏ်နှစ် ၂၀(သို့)တသက်ပြစ်ဒဏ် ချမှတ်နိုင်ရေး ရာဇသတ်ကြီးဥပဒေအား ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအားထုတ်ပြန်ထားပြီး မကြာမီလွှတ်တော်တင်မည်ဖြစ်ကြောင်း သိရသည်။ ဥပဒေကြမ်းတွင်ရာဇသတ်ကြီးဥပဒေ၌ ယခင်ပယ်ဖျက်ထားသည့် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့ကို ပြန်လည်အစားထိုးထားသည့်အပြင် မုဒိမ်းမှုပုဒ်မ ၃၇၆ ကိုလည်း ပြစ်ဒဏ်များတိုးမြှင့်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်အသစ်များဖြင့်ပြင်ဆင်ထားသည်။(ရွှေဝါတီသတင်း ဩဂုတ်လ ၁၆ ရက်၊ ၂၀၁၈)

- နိုင်ငံတော်၏အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကို နေပြည်တော်တွင် ယမန်နေ့ က ပထမအကြိမ်လက်ခံတွေ့ဆုံ သည်။(7DayDaily၊ Eleven Media၊ ဩဂုတ်လ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)

- နိုင်ငံတော်၏ အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု ကြည်ကို အွန်လိုင်းမှ ခြိမ်းခြောက်ရေးသားသူအားလှည်းကူးမြို့နေ ပြည်သူတစ်ဦးက ဩ ဂုတ် ၁၆ ရက် ညနေ၌ လှည်းကူးမြို့နယ်ရဲစခန်းတွင် ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။(7DayDaily၊ ဩဂုတ်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၁၇ မတ်လကဖြစ်ပွားခဲ့သော အသက် (၁၅) နှစ်အရွယ် နဝမတန်းကျောင်းသူကို ခိုးယူပေါင်းသင်းသည့်အမှုကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် စစ်ဆေးခဲ့ပြီး ကျူးလွန်သူအမျိုးသားအသက်(၂၁)နှစ်ကို လူခိုးမှုပုဒ်မ ၃၆၃ အရအလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်၊ အဓမ္မပြုကျင့်မှုပုဒ်မ ၃၇၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ပြီး ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်းကျခံစေရန် အမှုစစ်တရားသူကြီးက အမိန့်ချမှတ်ခြင်းဖြစ်သည်။(7DayDaily၊ ဩဂုတ်လ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၁၉-၂၀၂၉ ပြည့်နှစ်မှစ၍ အသက် ၉ နှစ်မှ ၁၄ နှစ်အရွယ် ဆယ်ကျော်သက် မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားက စားဝန်ကြီးဌာနက သိရသည်။(eleven news၊ ဩဂုတ်လ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- တောင်တွင်းကြီးမြို့နယ်တွင် မူလတန်းကျောင်းသူကို အကြိမ်ကြိမ်သားမယားပြုကျင့်ရန် အားထုတ် မှုဖြင့် အသက် ၇၀ အရွယ်အမျိုးသားကို တောင်တွင်းကြီး မြို့မရဲစခန်းက ဩဂုတ်လ ၁၇ ရက်တွင် ဖမ်းဆီးအမှုဖွင့်ခဲ့သည့်အတွက် တောင်တွင်းကြီးမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆/ ၅၁၁ အရ ဖမ်းဆီးခဲ့ သည်။(မြန်မာတိုင်းမ်၊ ဩဂုတ်လ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ပျဉ်းမနားမြို့တွင်ရှိသည့် အခြေခံပညာ ကျောင်းကိုးကျောင်းတွင် ချိတ်ဆွဲရန်အတွက် ပျဉ်းမနားမြို့က ပန်းချီဆရာ ခြောက်ဦးက ကိုးရက်ကြာရေးဆွဲထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီး ကားများကို လှူဒါန်းလိုက်သည်။(7DayDaily၊ ဩဂုတ်လ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- မုဒုံမြို့နယ်တွင် ဖခင်ဖြစ်သူက သမီးကို ခြိမ်းခြောက်ကာ သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့ သည်ဆိုသည့်အမှုကို သက်ဆိုင်ရာက ဩဂုတ် ၁၉ ရက်တွင် အမှုဖွင့်အရေးယူထားသည်။ (မြန်မာ တိုင်းမ်၊ ဩဂုတ်လ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာပလာဇာရှိ အမျိုးသမီး သန့်စင်ခန်းအတွင်းခိုးဝင်ကာ အမျိုးသမီးများကိုဖုန်းဖြင့် ဗီဒီယိုခိုးရိုက် သော အသက် (၁၈) နှစ်အရွယ်အမျိုးသားတစ်ဦးကို ဗဟန်းမြို့မရဲစခန်းတွင် အမှုဖွင့်ထား သည်။(7DayDaily၊ ဩဂုတ်လ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)

- ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြင်သာကျေးရွာရှိ ယာခင်းတွင် အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို ခင်ပွန်းသည် မရှိခိုက် အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့သောကြောင့် ပြုကျင့်ခဲ့သူအား (ပ)၄၄ရာဇသတ်ကြီး ပုဒ်မ-၃၇၆ ဖြင့် အမှုဖွင့်ဖမ်းဆီးထားကြောင်း ဟိုပင်နယ်မြေရဲ စခန်းမှ သိရ သည်။(The Union Daily၊ ဩဂုတ်လ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)

- ယနေ့ မကွေးတိုင်း ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ပြုလုပ်သည့် ဒေသခံ ပြည်သူများ စကားဝိုင်း တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရအား အမုန်တကယ် ချစ်ခင်လေးစားပါက မမှန်ကန် သည်များ လုပ်နေခြင်းမျိုးကို မထောက်ခံသင့်ဘဲ မမှန်ကြောင်း ဝေဖန် ထောက်ပြသင့်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။(ဧရာဝတီ၊ ဩဂုတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်)

- တအာင်းလက်နက် ကိုင်အဖွဲ့ (TNLA) က ဖမ်းဆီး ထားသည့် နမ့်ခမ်းမြို့နေ နန်းမိုဟွမ်ဆိုသည့် အမျိုးသမီးကို ပြန်လွှတ်ပေးရန် ရှမ်းလက်နက်ကိုင်အဖွဲ့(SSPP)နှင့် နမ့်ခမ်းမြို့ လူငယ်များ ကွန်ရက်က တောင်းဆိုထားသည်။(7DayDaily၊ ဩဂုတ်လ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရွေးချယ်ခံမဟုတ်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို လွှတ်တော်အတွင်းမှ လုံးဝဖယ်ရှားသွားမည်ဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စဉ်းစား၍စေ့စပ်ညှိနိုင်းမှုမှတစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စင်ကာပူနိုင်ငံSEAS(Institute of South East Asia Studies)တွင် ဩဂုတ် ၂၁ ရက်က ပြုလုပ်သော Democratic:Challenges and Way Forward ဟောပြောပွဲတွင် အဆိုပါဟောပြောပွဲသို့ တက်ရောက်လာသူတစ်ဦးက စစ်တပ်အုပ်ချုပ်ရေးစနစ်မှ ပြည်သူ့ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲမှုအပေါ် မပြီးပြည့်စုံသေးဟု သုံးသပ်ကြောင်း၊ ပြည်သူ့ အုပ်ချုပ်ရေးစနစ်သို့ ပြီးမြောက်စွာပြောင်းလဲနိုင်ရန် မည်ကဲ့သို့ လုပ်ဆောင်မည်နည်းဟု မေးခွန်းမေးမြန်းသည့်အပေါ် ပြန်လည် ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ (Eleven News၊ ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ယခုနှစ်အတွင်း မြန်မာတနိုင်ငံလုံးအနေဖြင့် ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများထဲတွင် မြန်မာအမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့် အဓမ္မ ထိမ်းမြားလက်ထပ်ခံရသည့် လူကုန်ကူးမှုမှာ အများဆုံးဖြစ်ကြောင်း မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောသည်။(ဧရာဝတီသတင်း၊ ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့ပေါ်မှ အမျိုးသမီးတစ်ဦးကို တအာင်းလက်နက်ကိုင်အဖွဲ့ TNLA မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ယင်းအမျိုးသမီးကို ဥပဒေအရ အရေးယူအပြစ်ပေးသွားမည်ဟု TNLA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးတာအိုက်ကျော်က မဇ္ဈိမသို့ ပြောသည်။(Mizzima၊ ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ဂျပန်နိုင်ငံတွင် နေထိုင်သော မြန်မာအမျိုးသမီးများအား ဂျပန်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားပါက လက်ထပ်လက်စွပ်နှင့်ကျပ်သိန်း ၃၀ ပေးအပ်မည်ဖြစ် ပြီး မိတ်ဆက်ပေးသူကို ယန်း တစ်သိန်း (ကျပ် ၁၂ သိန်း)ပေးမည် ဖြစ်ကြောင်း ဂျပန်အခြေစိုက် ဂျပန်အမျိုးသားများအတွက် အိမ်ထောင်ဖက်ရှာဖွေပေးသည့်ကုမ္ပဏီဖြစ်သည့် နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေး ဝမ်းကုမ္ပဏီက ဩဂုတ် ၂၀ ရက် တွင် ကြေညာထားသည်။(7DayDaily၊ ဩဂုတ်လ ၂၂ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကိုယ်ဝန်ဆောင် မိခင်နှင့် မွေးဖွားလာသော ၂ နှစ်အောက် ကလေးငယ်များ အတွက် လာမည့် အောက်တိုဘာလမှ စတင်၍ထောက်ပံ့မည်ဖြစ်ပြီးအောက်တိုဘာ ၁ ရက် နောက်ပိုင်း မွေးဖွားသည့် ကလေးငယ်များ အတွက် အသက် ၂ နှစ် ဝန်းကျင် အထိ တလလျှင် ကျပ် ၁၅၀၀၀ နှုန်းနှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (လူကယ်ပြန်) ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး က ပြောသည်။(ဧရာဝတီ၊ ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း(စွမ်း)၏ ကျန်းမာရေးလုပ်သားများနှင့် နမ့်ခုံးပရဟိတဖောင်ဒေးရှင်းတို့ တောင်ကြီးမြို့၌ ဩဂုတ်လ (၁၈) ရက်နေ့တွင် မျိုးဆက်ပွား ကျန်းမာရေးနှင့် မိသားစုစီမံကိန်း ပညာပေးလုပ်ငန်းစဉ်အပြင် လက်မောင်းတွင်ထည့်သော သန္ဓေတား ဆေးကိုလည်း အမျိုးသမီး ၂၇ ယောက်ထံတွင် ထည့်သွင်းပေးခဲ့ပါသည်။(Shan Women's Action Network၊ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- တောင်ကြီးမြို့ ရွှေဘုန်းပွင့် တောင်တက်လမ်းရှိ တပ်မတော်က ပုဒ်မ ၁၄၄ ထုတ် ပြန်ထားသည့် ကန့်သတ်နယ်မြေ အတွင်း တပ်မတော် အင်ဂျင်နီယာ တပ်ရင်းတွင် တာဝန်ထမ်းဆောင် နေသည့် အရာရှိတစ်ဦး၏ ဇနီးနှင့် အသက် (၅)နှစ်အရွယ်သမီးအပါအဝင် အခြား တပ်မတော်သား နှစ်ဦး လေးလောင်းပြိုင် လူသတ်မှု ဖြစ်ပွားခဲ့သည်။ ၎င်းတို့ သည် ဩဂုတ် ၂၀ ရက် ညက ဓားဒဏ်ရာများဖြင့် သေဆုံး နေခြင်းဖြစ်သည်။( 7DayDaily၊ ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၁၈ အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးသုံးယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၂၁ ရက်က ပလန်းဘန်းမြို့၌ကျင်းပခဲ့ရာ မြန်မာအသင်းသည် ဂျပန် အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ (မြန်မာတိုင်းမ်၊ ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်)

- မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြို့သစ်ကလေးကျေးရွာတွင် ဦးလေး၏ဇနီးကို တူဖြစ်သူက သားမယားပြု ကျင့်ခဲ့သည်ဆိုသည့်အမှုကို သက်ဆိုင်ရာက ဩဂုတ် ၂၀ ရက်က အမှုဖွင့်အရေးယူထားကြောင်း ဟိုပင်မြို့ မရဲစခန်းမှ သိရသည်။ (မြန်မာတိုင်းမ်၊ ဩဂုတ်လ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)

- ထိုင်း-မြန်မာ-နယ်စပ် အုန်းဖြန် ဒုက္ခသည်စခန်းတွင် မွေးဖွားခဲ့သော ကရင်အမျိုးသမီး နော်အနီ တာအောင်ခင်သည် ယခုလက်ရှိတွင် ဗြိတိသျှတပ်မတော်တွင် ဘုရင်မကြီး၏ ဂုဏ်ပြုတပ်ဖွဲ့ဝင်တစ် ယောက်အဖြစ်တာဝန်ထမ်းဆောင်နေသည်။(ဘီဘီစီ၊ ဩဂုတ်လ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)

- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ် တွင် နှစ်ကျိပ်ရှစ်ဆူဘုရား များအားပင့်ဆောင်ပြီး မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံရန်အတွက် ကား များစီတန်းနေစဉ် ၅ နှစ်အရွယ် သမီးဖြစ်သူအားကားပေါ်သို့ တင်ပေးခဲ့ရာမှ ဖြစ်ပွားခဲ့သော မုဒိမ်းမှုအတွက် အသက် ၅၁ နှစ်အရွယ် ကျူးလွန်သူအမျိုးသားအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၇ အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အရှေ့ပိုင်းခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ (မြန်မာတိုင်းမ်၊ ဩဂုတ်လ ၂၆ ရက်၊ ၂၀၁၈ ခုနှစ် )

- မင်္ဂလာတောင်ညွန့်မြို့နယ် ခရမ်း-သုံးခွ မော်တော်ယာဉ်ဂိတ်အနီးရှိ လေထိုးကျွတ်ဖာဆိုင်တွင် အသက် ၆၀ ကျော်အရွယ် အဘွားအိုတစ်ဦးအား သားမယားပြုကျင့်ပြီး သတ်ခဲ့သည့်အမျိုးသားအား

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ ရာဇသတ်ကြီး ပုဒ်မ ၃၇၂ ဖြင့်အမှုဖွင့်ထားပြီး ကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်နေကြောင်းသိရသည်။( eleven news၊ ဩဂုတ်လ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)

❖ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့ကျင်းပသည့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ရသစာပေ စကားဝိုင်းတွင် တက္ကသိုလ်ကျောင်းအသီးသီး၏ စာကြည့်တိုက်များတွင်ရှိသော စာအုပ်များကို သော့ခတ်သိမ်းမထားဘဲ ကျောင်းသူ၊ ကျောင်းသားတွေ ဖတ်ရှုနိုင်အောင် ထားပေးဖို့ ပညာရေးဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ပါမောက္ခချုပ်များကို နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါသည်။(RFA၊ ဩဂုတ် ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)

❖ လွန်ခဲ့သည့် ၂ နှစ်က ဗဟန်းမြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အဓမ္မပြုကျင့်ခံရသည်ဟုဆိုကာ အမျိုးသမီးတစ်ဦးက ဗဟန်း မြို့နယ်ရှိ ကျောင်းထိုင်ဆရာတော် တစ်ပါးကို ဩဂုတ် ၂၂ ရက်၌ ရဲစခန်းတွင် အမှုဖွင့်ထားသည်။အဆိုပါ အသက်(၄၁)နှစ်အရွယ် အမျိုးသမီးသည် မလေးရှား နိုင်ငံတွင် နေထိုင်သူဖြစ်ပြီး အိမ်ထောင်ရှိကာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး လွန်ခဲ့သည့် ၂ နှစ်(၂၀၁၆) က မြန်မာနိုင်ငံသို့ အလုပ်ကိစ္စဖြင့် ပြန်လာစဉ် ဟိုတယ်၌ အဓမ္မပြုကျင့်ခံရခြင်းဖြစ်ပြီး ဘာသာ သာသနာကိုငဲ့နေသည့်အတွက် ယခုကဲ့သို ၂ နှစ်ကြာပြီးမှ အမှုဖွင့်ရခြင်းအကြောင်းရင်းကို တိုင်တန်းသူ အမျိုးသမီးက ရှင်းပြသည်။( 7DayDaily၊ဩဂုတ်လ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)

❖ အထက်လွှတ်တော်အမတ် မစ်ချ် မက်ကောနယ်လ် က မြန်မာနိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရိုဟင်ဂျာ မွတ်စလင်များကို လူမဆန်သတ်ဖြတ်နှိပ်စက်ခဲ့သည်ကို မိမိ သံသယလုံးဝမရှိသော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေနှင့် မြန်မာ့စစ်တပ်ကို ထိုလုပ်ရပ်များရပ်တန့်ဖို့ အမိန့်ပေးနိုင်စွမ်း တစ်စုံတရာမရှိသည့်အတွက် တခြားသူများနည်းတူ သူမကို ဝိုင်းဝန်းအပြစ်တင်ရန် ၎င်းတွင် ဆန္ဒမရှိဟု ပြောဆိုပါသည်။(RFA၊ ဩဂုတ်လ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)

❖ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာတွင် မြန်မာ ဗိုလ်ချုပ်ကြီးများကို အရေးယူဖို့ ထောက်ခံတင်ပြထားပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မြန်မာ တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် ပျက်ကွက်ခဲ့သည်ဟု ဖော်ပြခဲ့သည်နှင့် စပ်လျဉ်းပြီး နိုဘယ်လ်ဆုကော်မတီ အတွင်းရေးမှူး Olav Njoelstad အိုလက်ဖ် နရိုးစတဒ် က နိုဘယ်လ်ဆုကို ချီးမြှင့်ခြင်းမှာ ဆုပေးသည့်ကာလအထိ အဆိုပါပုဂ္ဂိုလ်၏ လုပ်ဆောင်မှုများအတွက် ချီးမြှင့်တာဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၉၁ ခုနှစ်က ဒီဆုချီးမြှင့်ခဲ့သည်မှာလည်း ထိုစဉ် ကာလအထိ သူမ၏မြန်မာပြည် ဒီမိုကရေစီရရှိရေးနှင့် လွတ်လပ်ရေး ဆောင်ရွက်မှုများကြောင့် ဖြစ်သည့်အတွက် ဆုပေးပြီးနောက်ပိုင်း လုပ်ဆောင်မှုများနှင့် မသက်ဆိုင် သည့်အပြင်မိမိတို့ အဖွဲ့က ချမှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များအရ နိုဘယ်လ်ဆုကို ပေးအပ်ပြီးလျှင် ပြန်ရုပ် သိမ်း၍ မရသည့်အတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့် အပ်နှင်းထား သော နိုဘယ်လ် ငြိမ်းချမ်းရေးဆုကို ပြန်လည်ရုပ်သိမ်းရန် အကြောင်းတစ်စုံ တရာ မရှိပါ ဟု ဗုဒ္ဓဟူးနေ့ က ထုတ်ပြန်ပြောကြားလိုက်ပါသည်။ (RFA၊ ဩဂုတ်လ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)

- မြန်မာယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းများသည် စင်ကာပူအမျိုးသမီးအသင်းများ နှင့် ရန်ကုန်မြို့တွင် စက်တင်ဘာ ၆ ရက်တွင် ခြေစမ်းမည်ကျင်းပမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။(7DayDaily၊ ဩဂုတ်လ ၃၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ၁၉၉၃ ခုနှစ်က မန္တလေးဘီယာစက်ရုံကို စစ်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ခဲ့သော "မြန်မာရောင်ခြည်ဦး" ကုမ္ပဏီပိုင်ရှင် ဒေါ်ဝင်းဝင်းနုအား "အများနှင့်ဆိုင်သော ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ-အ.ပ.က ပုဒ်မ (၃) ဖြင့်ဒေါပုံမြို့နယ် အရှေ့ပိုင်းခရိုင်တရားရုံးက ယနေ့ စွဲချက်တင်လိုက်ပါသည်။(RFA၊ ဩဂုတ်လ ၃၁ ရက်၊ ၂၀၁၈ ခုနှစ်)

## စက်တင်ဘာလ ၂၀၁၈ ခုနှစ်

- တအာင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ TNLA က နမ့်ခမ်းမြို့ခံ ရှမ်းအမျိုးသမီးနန်းမိုဟွမ်အား ဖမ်းဆီးထားသည်မှာ နှစ်ပတ်ကျော် ကြာနေပြီဖြစ်သော်လည်း ပြန်လွတ်လာခြင်းမရှိသေးသည့်အတွက် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ တဆင့် TNLA အဖွဲ့ထံ ဆက်သွယ် အကြောင်းကြားကာ ပြန်လွှတ်ပေးရန်အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က စာပေးပို့ တောင်းဆိုထားသည်ဟု SNLD တွဲဖက်အတွင်းရေးမှူး ဦးစိုင်းလိတ်က ယနေ့ RFA ကို ပြောပါသည်။(RFA၊ စက်တင်ဘာလ ၁ ရက်၊ ၂၀၁၈ ခုနှစ်)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျတို့ကို မြို့နယ် အလုပ်အမှု ဆောင်များ အဖြစ်မှ ရပ်စဲလိုက်ကြောင်း NLD ပါတီက အကြောင်းကြားစာကို ယနေ့ လက်ခံရရှိ တာဖြစ်ပြီး ဒီမို ကရေစီ စံချိန်စံနှုန်းများနှင့် မကိုက်ညီဟု ယူဆကြောင်း အလုပ်အမှုဆောင် အဖြစ်ကနေ ရပ်စဲခံရသည့် ဒေါ်သက်သက်ခိုင်က RFA ကို အတည်ပြု ပြောဆိုသည်။(RFA၊ စက်တင်ဘာလ ၁ ရက်၊ ၂၀၁၈ ခုနှစ်)
- သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များ လျော့နည်းပပျောက်စေရန်နှင့် ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတတိုးပွားရရှိစေရန် ရည်ရွယ်ကာ ပြန်/ဆက် ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်သူ့ စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ နံနက်(၁၀)နာရီအချိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင် မြို့နယ် (၅၂) လမ်းရှိ အထက(၃) ကျောင်း ခန်းမတွင် ကျင်းပခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး မျိုးအောင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တိုးတိုးနိုင်၊ စာရေးဆရာမ ခင်လပြည့်ဝန်း၊ စာရေးဆရာမ တက္ကသိုလ်အေးမြစန္ဒာ၊ ကောင်းကင်မေ (စီးပွားရေး တက္ကသိုလ်) တို့ကဟောပြောခဲ့သည်။(Minister of Information၊ စက်တင်ဘာလ ၃ ရက်၊ ၂၀၁၈ ခုနှစ်)
- အသက် ၁၂ အရွယ် ခုနှစ်တန်းကျောင်းသူအား လွန်ခဲ့သည့် ဖေဖော်ဝါရီလက မိခင်ဖြစ်သူကိုယ်တိုင်မှ ကျပ်သိန်းလေးဆယ်ဖြင့် ပထမအကြိမ် ကာမရောင်းစားရန် ကြိုးစားပြီးနောက် ဒုတိယအကြိမ်အဖြစ် အရွယ်မတိုင်ခင် ယောကျာ်းပေးစားသည့်အတွက် ဦးလေးဖြစ်သူက အဆိုပါကိစ္စအား အရေးယူပေးရန်

မန္တလေးတိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသို့ တိုင်တန်းထားကြောင်းသိရသည်။ (Eleven News၊ စက်တင်ဘာလ ၄ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနဲ့ ထောင်ဒဏ် ၇ နှစ် ကျခံရတဲ့ ရိုက်တာ သတင်းထောက် နှစ်ယောက်ဟာ အပြစ်မရှိဘူးလို့ ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ရဲ့ ဇနီးနှစ်ဦးက မနေ့က ပြောကြားပြီး သူတို့နှစ်ဦး မိသားစု ၏နဲ့ ပြန်ဆုံဆည်းနိုင်အောင် အမြန်ဆုံး ပြန်လွှတ်ပေးဖို့ မေတ္တာရပ်ခံလိုက်ပါတယ်။(RFA၊ စက်တင်ဘာလ ၅ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ပလောင် (တအာင်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (PSLF/TNLA) မှ ဖမ်းသွားသော နန်းမိုဟွမ်ကို အမြန်ဆုံး လွှတ်ပေးရန် မိသားစုဝင်များက ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့ရှိ မြို့လယ် ဘုရားကျောင်းအနီးတွင် ယနေ့နံနက် ၉ နာရီက ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။(ဧရာဝတီ သတင်း၊ စက်တင်ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ လှိုင်ကော်မြို့၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် (၄.၆.၂၀၁၈) ရက်နေ့မှ စတင် ဖွင့်လှစ်ခဲ့သည့် အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၇၁)၊ အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ် (၅၀)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၅)၊ အခြေခံသီးမွှေး စက်ဆွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ တက်ရောက်ကြသည်။(MOI၊ စက်တင်ဘာလ ၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ အသက် ၁၂ နှစ်အောက် မိန်းကလေးများနှင့် မသန်စွမ်းအမျိုးသမီးများအပေါ် အဓမ္မမှု ကျူးလွန်သူများအား ထောင်ဒဏ် အနှစ် ၂၀ မှ တသက်တကျွန်းအထိ ချမှတ်နိုင်မည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား စက်တင်ဘာ ၇ ရက် အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။(ဧရာဝတီသတင်း၊ စက်တင်ဘာလ ၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ခင်ပွန်းဟောင်းဖြစ်သူ ကိုအောင်သက်ဦး အနေဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့တွင် သွလာက် (ခင်ပွန်း၏ ဆန္ဒ အရ ကွာရှင်းခြင်း) အား တချိန်တနေရာတည်း၌ သုံးသွလာက် (သွလာက် သုံးကြိမ်) ပေးကာ ကွာရှင်းခဲ့သည့် အပြင် လက်ထပ်စဉ်က တင်တောင်းထားသည့် ရွှေ ၁၀ ကျပ်သားကိုလည်း အဓမ္မပြန်လည် ရယူသွားကြောင်း၊ ထိုသို့ ကွာရှင်းမှု ပြုလုပ်ခြင်း ကြောင့် နိုင်ငံသား အမျိုးသမီးတဦး၏ ရပိုင်ခွင့်များနှင့် ရင်သွေး ကလေးငယ်တဦးအတွက် အခွင့်အရေးများဆုံးရှုံးကြောင်း၊ အစ္စလာမ် ထုံးတမ်းအရ ကွာရှင်းခဲ့သည့် ခင်ပွန်းဟောင်းကို ပြစ်မှုကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကာယကံရှင် မအေးမြတ်မွန်က ရန်ကုန်မြို့ ရှိ မြန်မာ ဂျာနယ်လစ်ကွန်ရက်ရုံးတွင် ယနေ့ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ပြောသည်။(ဧရာဝတီသတင်း၊ Myanmar Muslim Media၊ စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)

- TNLA အနေဖြင့် ၄င်းတို့ဖမ်းဆီးသွားသော နန်းမိုဟွမ်အား အမြန်ဆုံးပြန်လွှတ်ပေးရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC) က ယနေ့ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်လိုက်ပါသည်။(RFA၊ စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်)
- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA-s EAO Summit တတိယအကြိမ်မြောက် ထိပ်သီး အစည်းအဝေးကို ထိုင်းနိုင်ငံ အတွင်း (၄)ရက်တာကျင်းပရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မဟာဗျူဟာရေးဆွဲရေးကိစ္စ၊ NCA-S EAO စုဖွဲ့မှုကိစ္စ လုပ်ငန်း လမ်းညွှန်ကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု ယန္တရားအလိုက် တာဝန်ပေးအပ်ခြင်း ကိစ္စရပ်များ အပေါ် အကြံပြု ဆွေးနွေးခဲ့ပြီး လက်နက်ကိုင်အဖွဲ့အားလုံး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရေး PPSTအဖွဲ့ဝင်များ ပြန်လည်ဖွဲ့စည်းရေးအပြင်၊ အမျိုးသမီးထု(၃၀)ရာခိုင်ပါဝင်နိုင်ရေးကိုလည်း ဆုံးဖြတ်ခဲ့ကြသည်။ (VOA၊ စက်တင်ဘာ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံထောက်ခံသည့် ဒေါ်စန်းစန်းဦး(ခေါ်) ဒေါ်လေးလေးနှင့် ကိုနောင်နောင်တို့အား ဆူပူအောင်ဖန်တီးစေမှု ပုဒ်မ ၁၅၃ဖြင့် ထောင်ဒဏ် ၆ လ၊ နိုင်ငံတော်အကြည်အညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ် ၁ နှစ် တပေါင်းတည်း ကျခံစေရန် ဒဂုံဆိပ်ကမ်းမြို့နယ် တရားရုံးက ယနေ့ အပြီးသတ်အမိန့်ချခဲ့ပါသည်။(RFA၊ စက် တင်ဘာလ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်)
- ကရင်ပြည်နယ်အတွင်း သက်ငယ်မုဒိမ်းဖြစ်ပွားသည့်အရေအတွက်နိုင်းယှဉ်ရာတွင် ၂၀၁၆ ခုနှစ်က ၁၁ မှ၊ ၂၀၁၇ ခုနှစ်တွင် ၁၇ မှ၊ ၂၀၁၈ ခုနှစ် ဩဂုတ် နောက်ဆုံးပတ်အထိ ၁၇ မှု ဖြစ်ခဲ့သည်ဟု ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ မှခင်းမှတ်တမ်းများအရသိရသည်။(Eleven News, စက်တင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)

- လိုအပ်သည့်နေရာများသို့ လှူဒါန်းရန် နိုင်ငံတော်၏အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ပုံတူကြေးသွန်း ပန်းပုရုပ်တု လေလံတင်ရောင်းချမည့် ရန်ပုံငွေပွဲတော်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ဆီဒိုးနားဟိုတယ်တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ ဆီဒိုးနား ဟိုတယ်တွင် အောက်တိုဘာ ၅ ရက်၌ ပြုလုပ် မည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ပုံတူ ပန်းပု ရုပ်တုကို နော်ဝေးနိုင်ငံသူ ဆုရ ပရော်ဖက်ရှင်နယ် ပန်းချီဆရာမ Merete Sejersted Bodtker က ထုဆစ်ပုံဖော်ခဲ့ပြီး ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀ ဖြင့် လေလံတင်မည်ဖြစ်သည်။(7DayDaily၊ စက်တင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)
- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီအရေး ဦးဆောင်လှုပ်ရှား မှုများကို ဂုဏ်ပြုသည့်အနေဖြင့် Scotland နိုင်ငံ၊ Aberdeen မြို့တော်ကောင်စီနှင့် Amnesty International – Aberdeen အဖွဲ့ခွဲတို့က Hazlehead ပန်းခြံအတွင်းစိုက်ထူထားသော ကြေးသွန်းအမည်ပြားကို ဖြုတ်ချရန် Aberdeen မြို့တော်ကောင်စီက စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဆုံးဖြတ်လိုက်ပါသည်။(VOA၊ စက်တင်ဘာ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)

- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်(၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တက်ရောက်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက အတည်ပြုပြောကြားသည်။(7DayDaily၊ စက်တင်ဘာ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်)
- စက်တင်ဘာလ(၅)ရက်တွင်ပြုလုပ်ခဲ့သော မုံရွာတက္ကသိုလ်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂရွေးကောက်ပွဲတွင် မမေမီမီမိုးမှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပြီး မုံရွာတက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် ပထမဆုံး အမျိုးသမီးဦးဆောင်မှုကို မြင်တွေ့ရတော့မည်ဖြစ်သည်။ သူမသည် ၂၀၁၆ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ တ.က.သ ယာယီ၏ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ မုံရွာတက္ကသိုလ်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဒုဥက္ကဋ္ဌ(၁)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ကျောင်းလုံခြုံရေးဆွေးနွေးပွဲများကိုလည်း ဦးဆောင်ခဲ့သူလည်းဖြစ်သည်။ မုံရွာတက္ကသိုလ်သည် လုံခြုံမှုအားနည်းနေသည့်အတွက် ပညာသင် ကြားရေးတွင် စိုးရိမ်စိတ်များရှိနေကြခဲ့ခြင်းဖြစ်သည်။ ( မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ စက်တင် ဘာလ ၁၂ရက်၊ ၂၀၁၈ ခုနှစ်)
- ဗီယက်နမ်နိုင်ငံဟန္နိုင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဟန္နိုင်းမြို့ရှိ National Convention Center၌ ကျင်းပသည့် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ် မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။(Yangon Media Group၊ စက်တင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- တအောင်းလက်နက်ကိုင်အဖွဲ့ TNLA မှ ဖမ်းဆီးသွားခဲ့သည့် နန်းမိုဟွမ်ကိုအမြန်ဆုံးလွတ်ပေးရန် အလေးအနက်တောင်းဆိုချင်သည်ဟု ကျေးဖြူပါတီဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းက ပြောဆိုလိုက်သည်။(SHRF၊ စက်တင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- Reuters သတင်းထောက် နှစ်ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦး တို့ကို ထောင်ဒဏ်ချမှတ်ခဲ့သည့် တရားရုံး စီရင်ချက်သည် ဥပဒေနှင့် အညီ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ် အာဆီယံကို တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေစဉ် နော်ဝေးနိုင်ငံရေး သမားဘော့ဂ် ဘရန်ဒေးနှင့် ဆွေးနွေးမှု အစီအစဉ်တွင် Reuters သတင်းထောက်နှစ်ဦးနှင့် ပတ်သက်သည့် မေးခွန်းကို နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားရာတွင် ပြောဆိုခဲ့သည်။(7DayDaily၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- တရုတ်နိုင်ငံကို လူကုန်ကူးခံရတဲ့ မြန်မာအမျိုးသမီးအရေအတွက် လျော့ကျသွားမှုမရှိသည့် အပြင် အငှားကိုယ်ဝန်ဆောင်သည့် ဖြစ်စဉ်မျိုးပါ တိုးလာနေသည်ဟု ယနေ့ နေပြည်တော်တွင် ပြုလုပ်သော မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးအခမ်းအနား အပြီးတွင် လူကုန်ကူးတားဆီး နှိမ်နင်းရေးဌာန ရဲမှူးကြီး သက်နောင်က ပြောဆိုလိုက်ပါသည်။(7DayDaily၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)
- လွန်ခဲ့သည့် ၂၀၁၇ နှစ်အတွင်း မြန်မာနိုင်ငံတွင် လူကုန်ကူးမှု အမှုပေါင်း နှစ်ရာကျော် ဖြစ်ပွားခဲ့ပြီး လူကုန်ကူးခံရတဲ့ ဖြစ်ရပ်အများဆုံးမှာ အဓမ္မထိမ်းမြားလက်ထပ်မှုတွေဖြစ်သည်ဟုသိရသည်။ (၅)ကြိမ်မြောက် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရန်ကုန် မြို့က မူးယစ်ဆေးဝါးပြတိုက်တွင် ယနေ့ကျင်းပခဲ့သည်။(7DayDaily၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်အတွင်း အမျိုးသမီးငယ် ၃ ဦး တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရပြီး လူကုန်ကူးပို့သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကိုရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက်က မုံရွာမြို့ မြို့တော်ခန်းမတွင်ကျင်းပသော ၆ ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် က ပြောကြားခဲ့ခြင်းဖြစ်သည်။(Yangonmedia၊ စက်တင်ဘာ ၁၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်က ရိုဟင်ဂျာတွေအပေါ် လူ့အခွင့်အရေး ကျူးလွန်ခဲ့တယ်ဆိုသည့် နိုင်ငံတကာ၏ ပြောဆိုမှုများအပေါ် ငြင်းဆိုခဲ့သည့်အပြင် ထိုအဖြစ်အပျက်များအကြောင်း သတင်းယူနေသည့် ရိုက်တာသတင်းထောက် ၂ ဦးကို ထောင်ဒဏ် စီရင်လိုက်သောကိစ္စသည်လည်း တရားမျှတမှု ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ပြောဆိုမှုများသည် ယုံနိုင်စရာ မရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Nikki Haley က Twitter လူမှုကွန်ယက်ကတဆင့် တုန့်ပြန် ပြောကြားလိုက်ပါသည်။(VOA၊ စက်တင်ဘာလ ၁၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ကလေးဂျမြို့နယ်၊ ဂန့်ဂေါမြို့တွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမသည် နေပြည်တော်တိုင်း(မ်)မီဒီယာအဖွဲ့၊ မှုခင်းနှင့် သတင်းစုံအဖွဲ့ချုပ်မှ ဂရိန်မိုးဆိုသူကို ကာမလိမ်လည်မှု၊ ငွေကြေးလိမ်လည်မှုတို့ဖြင့် ဂန့်ဂေါမြို့နယ်တရားရုံးတွင် ပြီးခဲ့သည့်သုံးလခန့်က တရားစွဲဆိုထားကာ စက်တင်ဘာ ၁၁ ရက်က ဂန့်ဂေါမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်ပြီး ဆိုင်ကယ်ဖြင့် တစ်ဦးတည်း ပြန်လာစဉ် စိတ်ကြွဆေးဝါး ပြားဖြင့် ဖမ်းဆီးခံရသည့် ယင်း ဖြစ်စဉ်သည် ဂရိန်မိုးနှင့်သူ၏ တပည့်များက လုပ်ကြံခြင်းဖြစ်ကြောင်း ကာယကံရှင်၏မိသားစု ဝင်များ၊ ဒေသတွင်းအုပ်ချုပ်ရေးမှူးနှင့် အရပ်ဘက် အဖွဲ့အစည်းများက ယုံကြည်နေကာ အမှုမှန်ပေါ်ပေါက်ရေး ဥပဒေအတိုင်းဖြစ် စေရေး စောင့်ကြည့်ကူညီမည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများကပြောသည်။(7DayDaily၊ စက်တင်ဘာ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်)
- ညောင်ဦးမြို့ သို့ ဘုရားဖူးလာသည့် ၁၅ နှစ်အရွယ် မိန်းကလေးကို အမျိုးသားတစ်ဦးက ဆိုင်ကယ်ဖြင့် လိုက်ပို့ပေးမည်ဟု ပြောဆိုခေါ်ဆောင်ကာ သားမယားပြုကျင့်မှု ဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်း ဒေသကြီးရဲတပ်ဖွဲ့မှ စက်တင်ဘာ ၁၆ ရက်က သတင်းထုတ်ပြန်ထားသည်။ (မြန်မာတိုင်းမ်၊ စက်တင်ဘာ ၁၆ ရက် ၂၀၁၈ ခုနှစ်)

- မြိတ်မြို့နယ်၊ တုံးဗျောကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာတွင် ဖခင်ဖြစ်သူက ၂၀၁၇ ဇန်နဝါရီလမှ စတင်ကာ သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့ပြီး ထိုသို့ပြုကျင့်စဉ် အခြားသူများကို ပြန်ပြောပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည့်အမှုကို စက်တင်ဘာ ၁၅ ရက်နေ့အရေးယူပေးရန် အစ်မဖြစ်သူက တိုင်ကြားခဲ့သည်။ (မြန်မာတိုင်းမ်၊ စက်တင်ဘာ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)
- ပလောင် (တအာင်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) က ဖမ်းဆီးထားသော နန်းမိုဟွမ် လွတ်မြောက်ရေးအတွက် ဆန္ဒပြပွဲကို နန်းခမ်းမြို့ပေါ်တွင် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မိသားစုဝင်များ၊ မြို့ခံများနှင့် မြို့နယ် အတွင်းရှိ နန်းမိုဟွမ် လွတ်မြောက်ရေးနှင့် တရားမျှတမှု ရရှိရေး လိုလားသူများပါဝင်ကြမည် ဖြစ်ကြောင်း လူငယ်များကွန်ယက် (နမ့်ခမ်း) မှ

ဆက်ဆံရေး တာဝန်ခံ စိုင်းရွှေသိန်းက ရောဝတီသို့ ပြောသည်။ (ရောဂတီ၊ စက်တင်ဘာလ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့တွင် အသက် ၁၂ နှစ်အရွယ် ဆဌမတန်းကျောင်းသူ ကိုယ်ဝန် ၅ လရှိသည့်အချိန်တွင်မှ မုဒိမ်းမှုကျူးလွန်ခံရခြင်းသည်ဆိုသည်ကို သိရှိရခြင်းကြောင့် မိခင်ဖြစ်သူက စက်တင်ဘာလ ၁၄ နေ့တွင် မုဒိန်းမှု အဖြစ်အမှုဖွင့်ပြီး တိုင်တန်းခဲ့သည်ဟု ကျောက်ပန်းတောင်း မြို့မရဲစခန်းမှ သိရပါသည်။(DVB၊ စက်တင်ဘာလ ၁၆ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက်တွင်နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဌကျင်းပရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၏ ဆေးတက္ကသိုလ် ဝင်ခွင့်ကို ယောကျ်ား၊ မိန်းမခွဲခြားလျက် ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ ရရှိသောအမှတ်အလိုက်အစဉ်အတိုင်း ဝင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လတ်တလောတွင် ပြင်ဆင်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ အကယ်၍ ပြင်ဆင်မည်ဆိုပါက ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ တင်ပြီးမှသာ ပြောင်းလဲသင့်ပါကပြောင်းလဲပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။(ကြေးမုံ၊ စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နီပေါနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။(Eleven News၊ စက်တင်ဘာ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရွှေပြည်သာမြို့နယ်တွင် ဉာဏ်ရည်မပြည့်သည့် အသက် (၆) နှစ်အရွယ် မိန်းကလေးကို အဓမ္မကျင့်သည့် (၃၅) နှစ်အရွယ် အမျိုးသားကို ရဲစခန်းက မူးယစ်ရမ်းကားမှုဖြင့် အမှုဖွင့်ကာ တရားစွဲတင်ပို့ပြီး တရားရုံးက ထောင် ရှစ်ရက်ချခဲ့ကြောင်း ကာယကံရှင်၏ မိခင်နှင့် အဆိုပါအရပ်တွင် နေထိုင်သူများက ပြောသည်။ ၎င်းအနေဖြင့် စားဝတ်နေ ရေးခက်ခဲသောကြောင့် အမှုမဖွင့်နိုင်၍ ရဲကမူးယစ်ရမ်း ကားမှုဖြင့်သာ ထောင်ရှစ်ရက်ချလိုက်ခြင်း ဖြစ်ကြောင်း ကလေးငယ်၏မိခင်က ပြောသည်။(7DayDaily၊ စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ၂၀၁၇ ဒီဇင်ဘာ ၂၂ ရက်က ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-လွိုင်မွေကားလမ်းဘေးတွင်ဖြစ်ပွားခဲ့သော တက္ကသိုလ်ဝင်တန်းကျောင်းသူမိန်းကလေးကို သတ်ဖြတ်ကာ အလောင်းမီးရှို့ ဖျောက်ဖျက်သည့် တရားခံနှစ်ဦးအား မသေမချင်းကြိုးကွင်းစွပ်သတ်ရန် ကျိုင်းတုံခရိုင်တရားရုံး က စက်တင်ဘာ ၁၇ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။(7DayDaily၊ စက်တင်ဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Kredtrakarn Shelter မှ ဆီရီဆိုဖာသီ အမ်ဆမ်လွေ ဦးဆောင်သော အဖွဲ့ဝင် ၂၀ ဦးတို့သည် ထိုင်းနိုင်ငံအတွင်း လူ ကုန်ကူးခံခဲ့ရသည့် အမျိုးသမီးငယ် ၁၃ ဦးကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲက လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁)တာချီလိတ်

၌ လွှဲပြောင်းခဲ့သည်။အဆိုပါ အမျိုးသမီးငယ်များတွင် အသက် ၈ နှစ်အရွယ်မှ ၂၆ နှစ်အရွယ် အထိ ပါဝင်ပြီး မိုင်းယောင်းမြို့မှ ၁၁ ဦး၊ တာချီလိတ်မှ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အား လွှဲပြောင်းပေးခဲ့ကြောင်းသိရသည်။(Kanbawza Tai News ၊ စက်တင်ဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)

- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့အပိုင် မင်းကုန်း(၇)ကျေးရွာရှိ မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ နတ်တလူ သာသနာပြုစခန်းမှ ဦးပဥ္စင်းတစ်ပါးက ကျေးလက်နေအမျိုးသမီးငယ် တဦးအပေါ် အကြိမ်ကြိမ်အဓမ္မပြုကျင့်၍ ကိုယ်ဂန်ရှိလာသည့်အခါ အခြားတဦးဖြင့် အတင်းအဓမ္မလက် ထပ်ခိုင်းစေခြင်းများပြုလုပ်ခဲ့မှုကို အရေးယူပေးရန် ကန့်ဘလူ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား ခဲ့ရာ ကျင့်၂၀၂ ဖြင့် ဇီးကုန်းနယ်မြေရဲစခန်းသို့ ပြန်လည်ချထားပေးခဲ့ပြီး ရုံးချိန်း ၈ချိန်း ချိန်းဆိုပြီးသည် အထိ ပြန်လည်တင်ပြလာနိုင်ခြင်းမရှိသောကြောင့် ရုံးချိန်းကိုသာ ထပ်မံချိန်းဆိုပေးခဲ့ရကြောင်း ကန့် ဘလူမြို့နယ်တရားရုံးမှ သိရသည်။(ဧရာဝတီ၊ စက်တင်ဘာ ၁၈၊ ၂၀၁၈ ခုနှစ်)
- ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ဂိမ်းဆိုင်များ တနေ့တခြားတိုးလာပြီး လူလတ်ပိုင်း၊ ကျောင်းသား လူငယ်များကြားတွင်ပါ ခိုးပုက်ခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားလာမှုကြောင့် အိမ်ရှင်မများအနေဖြင့် သည်းမခံနိုင်တော့ဘဲ စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ဂိမ်းဆိုင်များကို သွားရောက် ဖျက်ဆီး ခဲ့ကြသည်။(DVB၊ စက်တင်ဘာ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့အပိုင် မင်းကုန်း(၇)ကျေးရွာရှိ မဟာ ဗောဓိမြိုင် ဆရာတော်ကြီး၏ နတ်တလူ သာသနာပြုစခန်းမှ ဦးပဥ္စင်းတပါးက အဓမ္မပြုကျင့်သည်ဟုဆိုကာ တိုင်ကြားထားသည့်အမှုရုံးချိန်းကို ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က ဦးဝရဉာဏ ဆိုသူ၏ အဓမ္မပြုကျင့်ခံရသူ အမျိုးသမီးမှာ ၂၀၁၆ ခုနှစ် မေလနှင့် နိုဝင်ဘာလတွင်လည်း ထပ်မံ ကျူးလွန်ခြင်းခံခဲ့ရပြီး ကိုယ်ဝန်ရှိလာသည့်အခါ အခြားသူတဦးနှင့် အဓမ္မလက်ထပ်ရန်စေခဲ့ကြောင်း၊ လက်ရှိတွင် ကိုယ်ဝန်မှရရှိသည့် သားလေးကို မွေးဖွားထားပြီးဖြစ်ကြောင်း၊ ကာယကံ ရှင်အမျိုးသမီးက ဩဂုတ် ၃၀ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုထားသည်။(ဧရာဝတီ၊ စက်တင်ဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်)
- အမျိုးသမီးများ၏စွမ်းရည်ကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရန်အတွက် Parami LPG အမျိုးသမီး သီးသန့် အရောင်းကိုယ်စားလှယ်အဖွဲ့အစည်းဖွဲ့စည်းနိုင်ရန် LPG ဆလင်ဒါ ဓာတ်ငွေ့ရည်ကို ရောင်းချနေသော ပါရမီကုမ္ပဏီမှ မြန်မာအမျိုးသမီးများအတွက် " ပါရမီချန်ပီယံ အစီအစဉ် " ကို စက်တင်ဘာလ ၁၉ ရက်တွင် မိတ်ဆက်လိုက်သည်။(Mizzima၊ စက်တင် ဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)က ဦးဆောင်ကာ ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်ကို စက်တင်ဘာ ၁၉ရက်မှစ၍ ၂၁ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည်။(7DayDaily၊ စက်တင် ဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)
- ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များမှ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများအတွက် မြန်မာနိုင်ငံကို နိုင်ငံတကာရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးရေး အပါအဝင် မြန်မာနိုင်ငံဆိုင် ရာ

လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးအဖွဲ့ IFFM ၏ အစီရင်ခံစာပါ အကြံပြုချက်များကို ထောက်ခံကြောင်း ကရင်အမျိုးသား အစည်းအရုံး – KNU ဒု ဥက္ကဋ္ဌဟောင်း နော်စီပိုးရာစိန် ဦးဆောင်သည့် KNU Concerned Group ကပြောဆိုခဲ့သည်။(ဧရာဝတီ၊ စက်တင်ဘာ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ တအာင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ TNLA က နမ့်ခမ်းမြို့ခံ ရှမ်းအမျိုး သမီး နန်းမိုဟွမ်ကို ဖမ်းဆီးထားသည့်ကိစ္စကို အရေးယူဆောင်ရွက်ပေးရန် ရှမ်းပြည်နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးပြီး ပြည်နယ်အစိုးရထံ တင်ပြဖို့စီစဉ်နေသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီ၏ မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် က RFA ကို ပြောပါသည်။(RFA၊ စက်တင်ဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျယ်ရမီဟန့် (Jeremy Hunt) က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရာတွင် လူမဆန်ရက်စက်မှုကျူးလွန်ခဲ့သည့် တပ်မတော် တာဝန်ရှိသူများကို အရေးယူရန်အရေးကြီးကြောင်းနှင့် ပြည်တွင်းတွင် တာဝန်ခံအရေးယူမှုမရှိပါက နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့် ဤကိစ္စအပေါ် ငြိမ်နေမည် မဟုတ်ဟု ပြောဆိုခဲ့သည်။(RFA၊ စက်တင်ဘာလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပဋိပက္ခအတွင်း သေနတ်ကျည်ဆန် ထိမှန်သေဆုံးခဲ့သည့် ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်အလယ်ရွာမှ တောင်သူ ဒေါ်ခင်ဝင်း သေဆုံးခဲ့မှုကို နိုင်ငံတော်သမ္မတထံသို့ တိုင်ကြားခဲ့ရာ ယင်းအမှုကို ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက တိုင်ကြားသူနှင့် သက်သေများကို စက်တင်ဘာလ ၂၀ ရက်နေ့တွင် စစ်ဆေးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ ဒေါ်ခင်ဝင်းအမှုကို ဆားလင်းကြီး မြို့နယ်တရားရုံးက ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်းက အမှုပိတ်သိမ်းခဲ့၍ မကျေနပ်သဖြင့် စာချွန်တော်ပေးပို့တိုင်ကြားရာ ယခုနှစ်ဆန်းပိုင်းတွင် ပယ်ချခံရသည်ကို မကျေနပ်သဖြင့် ဩဂုတ်လ ၁၈ ရက်နေ့က မုံရွာမြို့သို့လာရောက်သည့် နိုင်ငံတော်သမ္မတ၏ ခရီးစဉ်အတွင်း စာပေးတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သေဆုံးသူဒေါ်ခင်ဝင်း၏ ယောက်မတော်စပ်သူကပြောသည်။(The Voice၊ စက်တင်ဘာလ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ လူပျိုဟု လိမ်ညာပေါင်းသင်းသောကြောင့်ဆိုကာ အမျိုးသားတစ်ဦးကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် ဓားဖြင့်ထိုးသတ်ခဲ့သည်ဟု ထွက်ဆိုထားသည့် မလင်းလင်းခိုင်အတွက် တရားလွှတ်တော်ရှေ့နေတစ်ဦးမှ အခမဲ့ လိုက်ပါ ဆောင်ရွက်မည်ဖြစ်သည်ဟု သူမ၏ မိသားစုဝင်များက ပြောသည်။(7DayDaily၊ စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ လိုင်သာယာမြို့နယ်တွင် အဘိုးတော်စပ်သူက ၁၀ နှစ်အရွယ် ကလေးငယ်ကို အဓမ္မပြုကျင့်ခဲ့သည့် အပြင် ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှုကိုပါ ကျူးလွန်ခဲ့ပါသဖြင့် သက်ဆိုင်ရာက စက်တင်ဘာ ၂၂ ရက်နေ့တွင် အမှုဖွင့်အရေးယူထားသည်။ လိုင်သာယာ မြို့မရဲစခန်းက (ပ)၃၅၆၅ / ၁၈ ရာဇသတ်ကြီး

ဥပဒေ ၃၇၆ / ၃၇၇ အရ အမှုဖွင့်အရေးယူခဲ့ကြောင်းသိရသည်။(မြန်မာတိုင်းမ်၊ စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရွှေပြည်သာမြို့နယ်၊ Startex သိုးမွှေးနှင့် အထည်စက်ရုံတွင် သိုးမွှေးချုပ်စက်ရုံမှ အလုပ်သမ အချင်းချင်းစကားများကြရာမှ ကိုယ်ဝန်ဆောင်အမျိုးသမီးအပါအဝင် အလုပ်သမ ၄ဦးအလုပ်မှ ထုတ်ပစ်ခြင်းကိုခံခဲ့ရကြောင်း သတင်းရရှိသည်။(HI news၊ စက်တင်ဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ဖားကန့် ဆယ်ဇင်းကျေးရွာတွင် အ သက် (၃၀) ကျော်အရွယ်ကလေးမိခင်မခိုင်ဆိုသူကို ဘိန်း ဖြူ ၀ ဒသမ ၀၅ ဂရမ် (ကာလတန်ဖိုး ကျပ် ၃၀,၀၀၀ခန့်) ဖြင့် စက်တင်ဘာ ၂၁ ရက်ည ကဖမ်းဆီးခဲ့ရာ ဘိန်းဖြူအနည်းငယ်ဖြင့် ဖမ်းမိသည်ကိုတရားမျှတမှုမရှိဟုဆိုကာ ယင်းအမျိုး သမီးအားလွှတ်ပေးရန် ဒေသခံလူဦးရေ နှစ်ရာ၊ သုံးရာ ခန့်က ရဲစခန်းအားပိတ်ဆို့၍နှစ်ရက်ဆက်တောင်းဆိုခဲ့သည်။ (7Day Daily၊ စက်တင်ဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ကလေးဝမြို့နယ်၊ ဂန့်ဂေါမြို့တွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမ ဖမ်းဆီးခံရခြင်းသည် လုပ်ကြံခံရခြင်းဟု ယူဆပြီး လတ်တလောစစ်ဆေးနေသည်မှာ ကြာနေပြီဖြစ်၍ အမှုမှန်အမြန်ဆုံးစစ်ဆေးပေးရန် ဂန့်ဂေါခရိုင်ရှိ ကျန်းမာရေးဝန်ထမ်း ၁၀၀ ကျော်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သူနာပြုနှင့်သားဖွားကောင်စီ (နေပြည်တော်)အပါအဝင် ဌာနကိုးခုသို့ လိပ်မူ၍ အမှုမှန်ပေါ်ပေါက်ရေးအတွက်လက်မှတ်ထိုးတောင်းဆိုလိုက်သည်။(7DayDaily၊ စက်တင်ဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ အစ္စလာမ်ဘာသာဝင် အိမ်ထောင်သည် ယောကျ်ားများ အနေဖြင့် ဇနီးကို သွလာက်သုံး ကြိမ်တစ်တိုင်တည်းပေးကာ ကွာရှင်း၍ ရ၊ မရနှင့်ပတ်သက်၍ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူ များ၊ ရှေ့နေများ၊ ဘာသာရေး ဆရာများပါဝင်သည့် ဆွေးနွေးပွဲ ကို စက်တင်ဘာ ၂၃ ရက်တွင် Orchid ဟိုတယ်၌ ပြုလုပ်ခဲ့သည်။(7DayDaily၊ စက်တင်ဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ ပန်းချီ ထိန်လင်းသည် အမျိုးသမီးများကို "Skirting the Issue " ဟု အမည်ပေးထားသည့် သူ၏ အစီအစဉ်အတွက် ဖိတ်ခေါ်ပြီး ၎င်းတို့၏ ထဘီများကို လှူရန်ပြောကာ ထို ထဘီများတွင် အလှူရှင် အမျိုးသမီး၏ ပုံတူကိုရေးဆွဲခဲ့သည့် အရာမှာ အငြင်းပွားစရာ အကြောင်းအရာဖြစ်နေသည်။ ၎င်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ ထို အယူသည်းမှုကို အဆုံးသတ်ရန်မဟုတ်ဘဲ ၎င်းနှင့်ပတ်သက်သော ဆွေးနွေးမှုများဖြစ်ပွားစေရန် ဖြစ်သည်ဟုဆိုသည်။ (ရောဝတီ၊ စက်တင်ဘာ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ စက်တင်ဘာလ ၁၆ ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရှိုင်ရယ်တည်းခိုခန်းတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးသည့်အမှုအားကျူးလွန်ခဲ့သူ မလင်းလင်းခိုင်အတွက် တရားဥပဒေအတိုင်း ဆက်လက်ရင်ဆိုင်သွားရန်အတွက် ဂစ်တာနိုင်ဇော် ဦးဆောင်ပြီး ကူညီထောက်ပံ့ငွေ ရှာဖွေ စုဆောင်းပေးလျက်ရှိကြောင်းသိရသည်။(Yangon Media Group၊ စက်တင်ဘာ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ နီပေါနိုင်ငံ၌ ကျင်းပသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၂၄ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင် ဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီး

အသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (င) ၌ ပါဝင်ခဲ့ပြီး သုံးပွဲစလုံး အနိုင်ရကာ အုပ်စုပထမဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။(Myanmaalinn၊ စက်တင်ဘာ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ မိုင်းရယ်မြို့နယ် နယ်မြေ(၂) ရပ်ကွက်(၃)အတွင်းမှ တရုတ်ပြည်သို့ လူကုန်ကူးရောင်းစားခံရသည့် အမျိုးသမီးငယ်များအားမိဘများထံ ပြန်လည်အပ်နှံပွဲကိုယနေ့နံနက် ၁၀ နာရီ ခွဲက မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။(Myanmaalinn၊ စက်တင်ဘာလ ၂၅ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ "ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုနှင့် ခေါင်းဆောင်မှု မြင့်မားရေး" ဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ၊ ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill Hotel တွင်ပြုလုပ်လျက်ရှိပါ သည်။(Eleven Media/ NCA-S EAO Facebook၊ စက်တင်ဘာ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်)

- ❖ ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လစ်ဟင်းနေသည့် ရန်ကုန်တိုင်းဥပဒေချုပ်နေရာ အတွက် ဥပဒေ လုပ်သက် ၃၄ နှစ် ရှိပြီဖြစ်သည့် ဒေါ်ခင်မျိုးကြည်အား ခန့်အပ်နိုင်ရန်အတွက် ယနေ့ လွှတ်တော်တွင် စာရင်းတင်သွင်းလိုက်သည်။ အသက် ၆၁ နှစ်အရွယ်ရှိ ဒေါ်ခင် မျိုးကြည်သည် ၁၉၈၄ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ငါးဖွန်မြို့နယ် အောင်မြေသာစံမြို့နယ်တွင် ဥပဒေဝန်ထမ်း (အဆင့် ၄) ၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပုသိမ်ကြီးမြို့နယ် ဥပဒေရုံးတွင် မြို့နယ်ဥပဒေအရာရှိ (အဆင့် ၃)၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မန္တလေးမြို့ ရှေ့နေချုပ်ရုံး (ရုံးခွဲ)တွင် လက်ထောက်ညွှန်ကြားရေးမှူး (ခရိုင်အဆင့်) တာဝန်ယူခဲ့ကြောင်းသိရသည်။(ဧရာဝတီသတင်း၊ စက်တင်ဘာလ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ မိဘအုပ်ထိန်းမှုအောက် တွင်ရှိနေသည့် အသက် (၁၅) နှစ် အရွယ် ကိုးတန်းကျောင်းသူကိုခိုး ယူပေါင်း သင်းကာနေ့စဉ်အလုပ် လုပ်၍ ငွေရှားခိုင်းခဲ့သည့် အမျိုးသားကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် စက်တင်ဘာ ၂၄ ရက်က အရှေ့ပိုင်းခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ယခုနှစ် ဇန်နဝါရီ ၄ ရက်က အဆိုပါ မိန်းကလေးသည် နေ အိမ်မှထွက်သွားပြီး ည ၉ နာရီ ခွဲအထိပြန်မလာ သဖြင့် မိဘများ က မြောက်ဒဂုံမြို့မရဲစခန်းတွင် လူပျောက်တိုင်ကြားခဲ့ခြင်းဖြစ်သည်။(7DayDaily၊ စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်)
- ❖ TNLA အနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားအားထုတ်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့် အညီ ၎င်းတို့ ဖမ်းဆီးထားသည့် ရှမ်းတိုင်းရင်းသူ နန်းမိုဟွမ်ကို အမြန်ဆုံးပြန် လည်လွှတ်ပေးခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် TNLA ၏ ကြိုးစားဆောင်ရွက်နေမှုများကို သက်သေ ပြနိုင်ရန် အလေးအနက်တိုက်တွန်းကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ယနေ့ ထုတ်ပြန်လိုက်ပါသည်။(RFA၊ စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်)

- ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ မယ်တော်ဆေးခန်းတည်ထောင်သူ ဒေါက်တာစင်သီယာမောင်အား လူထုကျန်းမာရေး မြင့်တင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်သည့် အတွက် အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ်၊ Seattle မြို့တွင်တည်ရှိသော Washington တက္ကသိုလ်မှ ၂၀၁၈ ခုနှစ်အတွက် Roux Prize ကို ချီးမြင့်လိုက်ပါသည်။(VOA / 7DayDaily၊ စက်တင်ဘာ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်)
- လက်ရှိတွင် သရုပ်ဆောင် စိုးနန္ဒာကျော်နှင့် လက်ထပ်ထားသည့် သရုပ်ဆောင် မင်းထက်ကို ကာမ လိမ်လည်မှု ရာဇသတ်ကြီးပုဒ်မ ၄၁၇ ဖြင့် သရုပ်ဆောင်နှင်းအိရွှေရည်က တရားစွဲဆိုထားပြီး စက်တင် ဘာ ၂၇ ရက်တွင် ပထမဆုံးရုံးချိန်းတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့် သရုပ်ဆောင်မင်းထက်သည် ၂၀၀၈ က စတင်ကာ ရုပ်ရှင်အစည်းအရုံး၌ သင်တန်းတက်ရင်း သိကျွမ်းခင်မင်ခဲ့ပြီး ၂၀၁၃ တွင် ချစ်သူ ဖြစ်ခဲ့ကာ ငါးနှစ်တာနီးပါး အတူတကွဖြတ်သန်းခဲ့ကြောင်း နှင်းအိရွှေရည်က ပြောသည်။(7DayDaily၊ စက်တင်ဘာ လ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်)
- ၂၀၁၅ ခုနှစ် မတ်လတွင် လက်ပံတန်းမြို့၌ အကြမ်းဖက်ဖြိုခွင်း အရေးယူခံခဲ့ရသော ကျောင်း သား/သူများကို အမှုလိုက်ပေးခဲ့သည့်ရှေ့နေများအနက် တစ်ဦးဖြစ်သူ ရှေ့နေဒေါ်ခင်ခင်ကျော်နှင့် ဝန်းရံသူ ကိုသန်းထိုက်တို့ သည် တရားခွင်အတွင်း ဝတ္တရားနောက်ယှက်မှု ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ တွင် စတင်တရားစွဲဆို ခံခဲ့ရပြီး စက်တင်ဘာလ ၂၈ ရက်နေ့ တွင် မင်းလှမြို့နယ်တရားရုံးက ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့နှစ်ဦးကို ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်၍ အမြင့်ဆုံးထောင်ဒဏ်ဖြစ်သော ထောင်ဒဏ် (၆) လ ချမှတ်လိုက်သည်ဟု သိရှိရသည်။ လူ့အခွင့် အရေးချိုးဖောက်မှုခံရသူများကို ကာကွယ်ပေးလျက်ရှိသည့် ဒေါ်ခင်ခင်ကျော်ကဲ့သို့ ရှေ့နေ တစ်ဦးကို ယခုကဲ့သို့ အရေးယူခြင်းသည် လူ့အခွင့်အရေးကာကွယ်သူများ (HRDs) အပေါ် နှိပ်ကွပ်လို သော ရည်ရွယ်ချက်ကြောင့် ဖြစ်ကြောင်း ပေါ်လွင်နေသည်ဟုကြေညာထားသည်။(Myanmar HRDs Society၊ စက်တင်ဘာလ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)
- တအာင်းလက်နက်ကိုင်အဖွဲ့ TNLA မှ ဖမ်းဆီးထားသည့် နန်းမိုဟွမ်ကို တရားရေးဌာနမှ စစ်ဆေးနေပြီး မကြာမီစီရင်ချက် ချမှတ်သွားမည်ဖြစ်သည်ဟု TNLA သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော်က မဇ္ဈိမသို့ အတည်ပြုပြောဆိုသည်။(Mizzima၊ စက်တင်ဘာလ ၂၉ ရက်၊ ၂၀၁၈ ခုနှစ်)